လုပ်ငန်းစဉ် ၁ ၁abmv;yqít&, tpm;rsm;uEi;,Ojci; (rep30)

- ဆရာက သင်ပုန်းတွင် ဟောဒါက ဖေဖေပေါ့ဟုပြော၍ ဘောလုံးအကြီးပုံ ဆွဲပါ၁ ဟောဒါကတော့ ညီမလေးပေါ့ဟုပြော၍ ဘောလုံးအသေးပုံဆွဲပြပါ၁ ကလေးများကို ကြိုက်ရာ တစ်ပုံစီကိုသာ ကူးဆွဲရန်ပြောပါ၁
- ထို့နောက် ကလေးများအား မိမိဘေးရှိ သူငယ်ချင်းဆွဲထားသော ဘောလုံးပုံနှင့် နှိုင်းယှဉ်ကြည့်၍ အကြီး၊ အသေးခွဲခြားပါစေ၁
- ကလေးတစ်ဦးအား အတန်းရှေ့သို့ ထွက်စေပြီး ဆွဲထားသော ဘောလုံးကို အတန်းသို့ ပြစေ၍ အကြီး၊ အသေးပြောပါစေ၁ အရွယ်အစားတူဆွဲထားသော ကလေးများအား မိမိတို့ရုပ်ပုံကို အတန်းသို့ ပြပါစေ၁
- ထိုနည်းတူအခြားကလေးများကိုလည်း ဆောင်ရွက်ပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ––အရွယ်အစားမတူသောရုပ်ပုံများဆွဲတတ်ရန်၁

လုပ်ငန်းစဉ်(၁)၁ ၁ t&, tpm;rwaom½yyrsm;qjci; (rep30)

- နှစ်သက်ရာတိရစ္ဆာန်၊ သို့မဟုတ် ပစ္စည်းတစ်မျိုးကို အကြီး၊ အသေး အရွယ်အစား မတူသော ရုပ်ပုံနှစ်ခုအဖြစ် ဆွဲပါစေ၁

(မှတ်ချက်၁ ––အမျိုးအစားတူစေရန် ဆရာက သတိပြုပါ၁ ဥပမာ - ဘဲအမေကြီးနှင့် ဘဲကလေး၊ ငါးအမေကြီးနှင့် ငါးကလေး၊ စာအုပ်ကြီးနှင့် စာအုပ်ကလေး စသည်ဖြင့်)

‖umoyaw;ae‖

အသေးစိတ်သင်ယူမှုရလဒ်၁ ––၁"ဝ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ––– –––]]0}}Asn;(uAsm)&wqjci; (15 rep)

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ––ထုံးပြင်ကို နားထောင်တတ်ရန်၁

လုပ်ငန်းစဉ် ––– ––– qiEiarsmuyjyiu ajymjci; (rep 30)

- ဆင်နှင့်မျောက်ပုံပြင်ကို ဟန်ပန်အမူအရာဖြင့် ပြန်ပြောပြပါ၁
- ပုံပြင်နှင့်ပတ်သက်သော မေးခွန်းများမေးပါ၁ (ဥပမာ - ပုံပြင်က ဘာအကြောင်းလဲ၁ ဘယ်သူတွေပါလဲ၁ ဘာတွေလုပ်ကြတာလဲဆဝ၀ စသည်ဖြင့်)
- ကလေးများ မှတ်မိသမျှပြောပါစေ၁
- ကလေးများထင်မြင်ချက်ပြောပြီးတိုင်း ဆရာက ချီးကျူးပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ––အိမ်စိတ်ကူးကို ပုံဖော်ရေးခြစ်တတ်ရန်၁

လုပ်ငန်းစဉ်၁ ––Epou&myua&;jcpjci; (15 rep)

- ကလေးများအား မိမိကြိုက်နှစ်သက်ရာပုံကိုဆွဲပါစေ၁
- စိတ်ကြိုက်အရောင်ခြယ်ပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ––၁ကဗျာပါစကားလုံးများကို အသုံးပြု၍ပြောတတ်ရန်၁

လုပ်ငန်းစဉ်၁ ––Good Morning uAsmygpum;v;rsm; to;jyí typzEwquajymqjci; (15 rep)

- ရှေ့တွင် ပြုလုပ်ခဲ့သည့် လုပ်ငန်းအတိုင်း ဆောင်ရွက်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ––အိသားစုရှိရန် လိုအပ်ကြောင်း ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်(၁)၁ ––– ––– pm;0waea&;vtycsursm;&&&etwurom;p&&e vtyaumi; azmxwjci; (rep30)

- ဆရာက လူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သည့် အဝတ်အထည်၊ အစားအစာ၊ ချစ်ခင်ယုယပုံ စသည်တို့ကို စာစောင်၊ ဂျာနယ်များမှဖြတ်၍ သင်ပုန်းတွင် ကပ်ထားပါ၁
- အစားအစာရုပ်ပုံတစ်ခုကို ထောက်ပြကာ အကယ်၍ အစားအစာ မစားရပါက မည်သို့ ဖြစ်နိုင်သည်ကို မေးပါ၁
- ကလေးများအား မိမိတို့အတွက် လိုအပ်သော အစားအစာများရရှိအောင် မည်သူ များက ဆောင်ရွက်ပေးသည်ကို ဆက်မေးပါ၁ အစားအစာရရှိအောင် ဆောင်ရွက်ပေး

သူများကို ကျေးဇူးတင်သင့်[မတင်သင့်မေး၍ ကျေးဇူးတင်ပါတယ် ဖေဖေ၊ မေမေဟု ပြောပါစေ၁

- ထိုနည်းတူ အဝတ်အထည်မရှိလျှင်၊ချစ်ခင်ယုယမှုမရှိလျှင်၀၀၀၀စသည်ဖြင့် ဆက်မေး၍ ဆွေးနွေးပါ၁

လုပ်ငန်းစဉ်(၂)၁ ၁ upm;jci; (10 rep)

- မိသားစုဝင်များက မိမိတို့အား မည်သို့ကူညီဆောင်ရွက်ပေးသည်ကို ကလေးတစ်ဦးအား စတင်ပြောပါစေ၁ ကျန်ကလေးများအား ထိုကလေးပြောသည်နှင့်တူညီပါက လက်ညှိုး ထောင်ရန် ပြောပါ၁
- ထို့နောက်ဆရာခေ[ ]ပြီးသော အောက်ပါနမူနာ စကားစုများကို နားထောင်စေပြီး တူညီ သူများကို မတ်တပ်ရပ်ပါစေ၁

(ဥပမာ၁ ၁ မိသားစုဝင်တွေက ကလေးတို့ကို -
ရေချိုးပေးတယ်
ထမင်းချက်ပေးတယ်
ဟင်းချက်စရာတွေသွားဝယ်ပေးတယ်
ပုံပြောပြတယ်
လက်သည်းညှပ်ပေးတယ်
အကျလျှော်ပေးတယ်၀၀၀၀၀ စသည်ဖြင့်)

လုပ်ငန်းစဉ်(၃) ၁ ၁ rom;p0irsm;twu arwmyqawmi;jci; (rep20)

- ဆရာကဆုတောင်းစကားတစ်ခုကို နမူနာပြောပြ၍ကြားဖူးသမျှ ဆုတောင်း စကား များကို ပြောပါစေ၁
- အိမ်တွင်မွေးထားသောခွေး၊ ကြောင်လေးများအပါအဝင် မိမိချစ်သောမိသားစုဝင်များအတွက် ဆုတောင်းပေး၍ရကြောင်းနှင့် မည်သူ့ကို မည်သို့ဆုတောင်းပေးချင်သည်ကို စဉ်းစား ထားရန် ပြောပါ၁ ဆုတောင်းပေးချင်သော မိသားစုဝင်တစ်ဦးကို စိတ်တွင်မှန်း၍ မျက်စိ မှိတ်ထားပါစေ၁ ဆုတောင်းပေးချင်သော အရာကိုစိတ်ထဲက ဆုတောင်းပေးရန် ပြောပါ၁ (လိုအပ်လျှင် နမူနာလုပ်ပြပါ၁)
- မည်သူအတွက် မည်သို့ဆုတောင်းပေးခဲ့သည်ကို ပြန်ပြောပါစေ၁
- ဆရာက မိမိတို့ချစ်သောသူများအတွက် ဖြစ်စေလိုသောအရာများကို စိတ်တွင်မှန်းဆ၍ ဆုတောင်းပေးခြင်းကို မေတ္တာပို့သည်ဟုခေ[ ]ကြောင်းပြောပြပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ စည်းချက်ကျကျ လက်ခုပ်တီး၍အများနှင့် စုပေါင်းသီဆိုတတ်ရန်၁

လုပ်ငန်းစဉ်(၁) ၁ ၁ awmxu rom;puAsmuvucyw;íoqjci; (rep30)

]]awmxu rom;p}}

မဆိုစကောင်း၊ ဆိုစကောင်း
သိုးကလေးနဲ့ကိုရေ[ ]ဒါင်း၊ လမ်းကြိတ်စက်ကိုမောင်း၁
ဆိုကောင်းပါရဲ့ ပူးနဲ့ယုန်၊ ချမ်း၍မီးကိုလှုံ၊
ဟိုချုံပေ[ ]ကွာ ဝက်ဝံထီး၊ မိကျောင်းကြီးကိုစီး၁
စာဝုတီးက တေးသံချို၊ အသံလင်္ဂီသီဆို၊
မလေးခိုနဲ့ ကိုရေဖွား၊ ကခုန်တမ်းကစား၁

- ကဗျာကိုဦးစွာသင်ပါ၁
- စည်းချက်နှင့်အညီ လက်ခုပ်တီး၍ဆိုတတ်ရန် ဆရာက နမူနာလုပ်ပြပါ၁

- ကလေးများအားနမူနာသီဆိုကြည့်ပါစေ၁
- ထို့နောက် တစ်တန်းလုံးအုပ်စုလိုက်စသည်ဖြင့် လက်ခုပ်တီး၍ သံပြိုင်သီဆိုပါစေ၁

aomumae

အသေးစိတ်သင်ယူမှုရလဒ်၁ ဆုံပြင်ကို မှတ်မိသမျှပြန်ပြောတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]qiEiarsmu}}yjyiu uav;rsm; rwrorajymjci; (rep 20)

- ဆရာက ကလေးများအား ပစောက်ပုံဝိုင်း၍ထိုင်ပါစေ၁
- ကလေးများ၏ထိပ်တွင် ကလေးများမျက်လုံးနှင့် တစ်တန်းတည်းဖြစ် အောင်ထိုင်ပါ၁
- ဆရာက ဆင်နှင့်မျောက်ပုံပြင်ကို အမူအရာဖြင့် နောက်တစ်ကြိမ်ထပ် ပြောပါ၁
- ပုံပြင်ပြောနေစဉ် ကလေးများတဖြည်းဖြည်းချင်း လိုက်ပြောနိုင်သည့်နေရာတွင်ပြောပါစေ၁
- (ဥပမာ- ဘာဆက်ဖြစ်မယ်ထင်သလဲ၁)

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"က"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]u}}Asn;uAsm&wqjci; (rep 20)

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ် ၁ ၁ အာရုံ(၅)ပါးကို အသုံးပြု၍ မိမိစိတ်ကူးကို ဝါကျအပြည့်ဖြင့် ပြောပြ
တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ bmawv upm;en;jzi upm;jci;(rep 20)

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ "ABCD, Hello, Good Morning'' uAsmrsm;u uav;rsm;pwkuku
oqjci;(rep 30)

- ကဗျာရွတ်ဆိုခြင်းနည်းအတိုင်း သီဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆိသားစုဝင်များအားကိုယ်တိုင်ကူညီပေးနိုင်သောအလုပ်များကို
ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်(၁) ၁ ၁ wvn;vyEiw, ocsi;qjci; (10 rep)
]]wvn;vyEiw,}}

တို့များငယ်သော်လည်း အလုပ်လုပ်တတ်တယ်
ဘယ်အလုပ်မဆို တို့များလုပ်တတ်တယ်
(ရေခပ်ပေး)ုိ တတ်တယ်
(ဟင်းရွက်ခြွေ)ုိ တတ်တယ်
(တံမြက်စည်းလှည်း)ုိ တတ်တယ်
တို့များငယ်သော်လည်း အလုပ်လုပ်တတ်တယ်၁

လုပ်ငန်းစဉ်(၂) ၁ ၁ rom;ptm;unay;Eiaom tvyrsm;uajymjyjci; (rep20)

- ကဗျာပါသည့် မိသားစုအား ကူညီသောအလုပ်များကို ပြောပါစေ၁
- မိမိတို့မိသားစုကို ကူညီခဲ့ဖူးသောအလုပ်များကို အလှည့်ကျပြောပါစေ၁
- ဆက်လက်၍ နောက်ထပ် ဘာတွေလုပ်ပေးလို့ရသေးသလဲ ဟုမေးပါ၁ (မိသားစုဝင်များ
နေမကောင်းချိန်တွင် ကူညီပေးနိုင်ခြင်း၊ မီးဖိုချောင်ကိစ္စ၊ အိမ်သန့်ရှင်းရေးကိစ္စများတွင်
ကူညီပေးနိုင်ခြင်းများကို ကလေးများ ပြောနိုင်အောင် ဆရာက လှုံ့ဆော်အားပေးပါ၁)

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ မိသားစုထမင်းဝိုင်းတွင် ကူညီပေးနိုင်မည့်အလုပ်များကို လက်တွေ့လုပ်ဆောင်တတ်ရန်၁

လုပ်ငန်းစဉ်(၃) ၁ ၁ xri;yjyiqijci;u u ,wiyg0ivyaqmijci; (rep30)

- ကလေးများအား ထမင်း(သို့)အခြားစားစရာတစ်မျိုးမျိုးအား စုပေါင်းဝိုင်းဖွဲ့ စားသောက်ကြမည်၁ အားလုံးပါဝင်တာဝန်ယူ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းပြောပြီး ကလေးများကို တာဝန်အသီးသီးခွဲဝေပေးပါ၁ မိမိတို့တာဝန်များကို အကောင်း ဆုံးဆောင်ရွက်ကြရန် အားပေးပါ၁ လိုက်နာရန် လိုအပ်သော အခြေခံအချက်များကို ရှင်းလင်းအောင်ပြောပါ၁
- ထို့နောက်ကလေးများတွင်ပါလာသော ထမင်းချိုင့်၊ ထမင်းဘူးများ၊ သို့မဟုတ် မိဘများ၏ ပါဝင်မှုဖြင့် ဆရာကြိုတင်စီစဉ်ထားသော စားစရာပစ္စည်း အသုံးအဆောင်များကို အသုံးပြု၍ မိသားစု ထမင်းဝိုင်းကို ဝိုင်းဝန်းပြင်ဆင်စေခြင်း၊ အားလုံးအတူ စားခြင်း၊ ပြန်လည်သိမ်းဆည်းခြင်းများကို အစ-အဆုံး လက်တွေ့လုပ်ဆောင်ပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆည်းချက်ကျကျ လက်ခုပ်တီး၍အများနှင့်စုပေါင်းသီဆိုတတ်ရန်၁

လုပ်ငန်းစဉ်(၁) ၁ ၁ awmxu rom;puAsmuvucyw;íoqjci;(rep 30)

- ရှေ့တွင်လုပ်ဆောင်ခဲ့သောလုပ်ငန်းအတိုင်းသီဆိုပါစေ၁

မှတ်ချက်၁ ဆိသားစုအားလုံးပျော်ရင်ဆိုစွာ ပါဝင်ဆင်နဲ့ကြွေလေ့ရှိသော မိသားစု လှုပ်ရှားမှုများ၊ ပွဲများအကြောင်းကို လူကြီးများအား မေးမြန်း၍မှတ်သားလာခဲ့ရန်၊ ဗီဒီယိုများရှိ လျှင်လည်း ယူလာခဲ့ရန် မှာကြားပါ၁

'w,yw

wevmae

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"က"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]u}}Asn;(uAsm)&wqjci; (rep 30)

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆုံပြင်ကို မှတ်မိသမျှပြန်ပြောတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]qiEiarsmu}}yjyiu uav;rwrorlajymapjci; (rep 30)

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁သီချင်းကဗျာကို အမှုအရာဖြင့် ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁"ABCD''ocsi;u pmv;tp0vujyí oqjci;(15 rep)

- "A to G, H to P, Q to V, W to Z''စသည့် အင်္ဂလိပ်အက္ခရာစာလုံး အစဉ်လိုက်ရေးထားသော ကတ်ပြား(၄)ခုကို စီစဉ်ထားပါ၁
- ဆရာက သီချင်းသံစဉ်ပါ အက္ခရာစာလုံးတွဲအလိုက် ၄င်းကတ်ပြား ၄ခုကို တစ်ချပ်စီ ထောင်ပြ၍ အသံပီသစွာရွတ်ဆိုပြပါ၁ နှစ်ကြိမ် သုံးကြိမ် ဆရာက ဆိုပြပါ၁
- အထက်ပါအတိုင်း ဆရာကဆိုပြ၍ ကလေးများကို လိုက်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁“A’’အမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၈“A’’ t u&m u &wqjci; (15 rep)

- “ABCD’’သီချင်းကဗျာကို ပြန်လည်ရွတ်ဆိုပါစေ၁
- ဆရာက သင်ပုန်းပေ[illegible]ရေးထားသော အင်္ဂလိပ်အက္ခရာ A ကို ထောက်ပြ၍ အက္ခရာအမည်ကို ဖြည်းဖြည်းနှင့် ပီသစွာ နှစ်ကြိမ်(သို့) သုံးကြိမ်ရွတ်ဆိုပြပါ၁
- ဆရာက အင်္ဂလိပ်အက္ခရာကိုထောက်၍ ရွတ်ဆိုပြပြီး ကလေးများက လိုက်ပြီး ရွတ်ဆိုပါစေ၁
- ကလေးများအား တစ်တန်းလုံး၊ အုပ်စုလိုက်၊ အတန်းလိုက်၊ တစ်ဦးချင်းရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ မိသားစုအားလပ်ရက်လှုပ်ရှားမှုတစ်ခုအကြောင်း ပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ rom;pvy&m;rrsm;uajymjci; (rep30)

- မိသားစုလှုပ်ရှားမှုများကို ကလေးများ အလွယ်တကူပြောနိုင်စေရန် ဆရာက နမူနာပြောပြပါ၁
- (ဥပမာ- ဆရာမတို့မိသားစုက အားလပ်ရက်တွေမှာ မုန့်လုပ်စားတတ်တယ်၁ တစ်ခါတလေကျတော့ ဘုရားဖူးသွားတယ်၊ မွေးနေ့ပွဲလည်းလုပ်တယ်)
- မေးမြန်းမှတ်သားခဲ့သည့် [illegible] မိမိတို့မိသားစုအားလုံးပါဝင်သော လှုပ်ရှားမှုများကိုအလှည့်ကျပြောရန်တိုက်တွန်းပါ၁
- လူကြီး၊ မိဘများထံမှ မိသားစုပွဲများအကြောင်း မေးမြန်းလာသောကလေးများရှိပါက အတန်းရှေ့သို့ထွက်၍ မိမိတို့သိရှိလာသမျှကိုပြောပါစေ[illegible]တ်ပုံများပါလာပါကလည်း အတန်းသို့ ပြသ၍ ပြောပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၎ယ်ရာမှ ကြီးရာသို့စီစဉ်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ a&mippm&uyi;rsm;ui , &mr Bu;&mo[illegible]pjci; (rep30)

- ကလေးအားလုံးအတွက် အရွယ်အစားမတူသော အဝိုင်းပုံရောင်စုံစက္ကူ (၃)ခုစီကို ဖြတ်ထားပါ၁
- နမူနာ ရောင်စုံစက္ကူ(၃)ခုကို ဆရာကပြသ၍ မိသားစုများစားလေ့ရှိသော ပလာတာ၊ သို့မဟုတ် နံပြား (၃)ခုဖြစ်သည်ဟု ပြသ၍ ၎ယ်ရာမှကြီးရာသို့ စီမည်ဆိုပါက မည်သို့ စီရမည်ကို ကလေးများအားမေးပါ၁
- သင်ပုန်းတွင် နမူနာကပ်ပြပါ၁
- ကလေးများအား စက္ကူအဝိုင်းပုံ(၃)ခုစီပေး၍ မိမိတို့ရရှိသောပလာတာ၊ သို့မဟုတ် နံပြား (၃)ခုကို သင်ပုန်းရှိ နမူနာအတိုင်း ကပ်ရန်ပြောပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၎တ်ဝန်းကျင်ရှိ အသံထွက်စေနိုင်သော ပစ္စည်းများကိုသုံး၍ သီဆိုတီးမှုတ်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ t vLyuAsmu&wqjci; (rep30)

- ဦးစွာအလှူပွဲကဗျာကို ဆရာနှင့်အတူ သီဆိုပါစေ၁

“t vL y”

ရေဒြီးပတ်၊ ဗေတိုးပတ်
ဗေတိုးပတ်၊ ရေဒြီးပတ်၁
ဗေတိုးပတ်၊ ဗိန်ဗောင်ထီ
ပတ်မကြီးကမြည်၁
အိုးစည် အိုးစည် အိုးစည်သား
ဟေ လားမောင်တို့ဝါး၁
ဝါးလက်ခုပ်မြောက်လို့ခ္ပီ
ဖြောက်ဖြောက်အသံမြည်၁
တီတီကိုရေနွဲ
လွမ်းအောင်သူကခ္ပဲ
မောင်တို့ အလျှုပ္ပဲ၁

- ထို့နောက် ဆရာကြိုတင်စုဆောင်းထားသော၊ သို့မဟုတ် ကလေးများ ယူလာသော အသံထွက်စေနိုင်သည့် ပစ္စည်းများကို အသုံးပြု၍အလျှုပ္ပဲကဗျာကို ဆရာနှင့်အတူ စည်းချက်ကျကျ သီဆိုတီးမှုတ်ပါစေ၁

t *gae

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ စိတ်ကူးပုံဖော်ရေးခြစ်တတ်ရန်၁

လုပ်ငန်းစဉ်၁ ;yjyiruav;rsm;Epouonw&pmewpaumiya&;qjci;(rep 30)

- “ဆင်နှင့်မျောက်”ပုံပြင်မှ ကလေးများ နှစ်သက်သောတိရစ္ဆာန်(၁)ကောင်ကို ရေးဆွဲပါစေ၁
- ဆွဲထားသော တိရစ္ဆာန်အမည်ကို ပြောပါစေ၁
- စိတ်ကြိုက်ဆေးရောင်ခြယ်ပါစေ၁

အသေးစိတ်သင်ယူမှုရလဒ် ၁ ဆွယ်ကူသော မေးခွန်းများကို ဖြေတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ oor\ajymr , upm;en; upm;jci;(rep 30)

- ယခင်နေ့နှင့် မတူသောမေးခွန်းများဖြင့် သိသမျှပြောမယ် ကစားနည်းဖြင့် ကစားပါမည်၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ သီချင်းကဗျာကို အမှုအရာဖြင့် ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ “Hello’’ uAsm&wqjci;(15 rep)

- ယခင်နေ့က ကဗျာရွတ်ဆိုနည်းများအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ “A’’အမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ “A’’ tu&mu &wqjci; (15 rep)

- ယခင်နေ့ကအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ အိသားစုတစ်ခုနှင့်တစ်ခု မတူညီသောလုပ်ရှားမှုများရှိသည်ကို သတိပြုမိရန်၁

လုပ်ငန်းစဉ် ၁ ၁ 1/ar;aeocsi;uoqjci; (rep30)

- မွေးနေ့သီချင်းကို ဆရာနှင့်အတူ ရွတ်ဆိုပါစေ၁

]]ar;ae}}

ပျော်ရင့်စရာမွေးနေ့ ၀၀၀၀၀၀၀ သင့်အတွက်
သူငယ်ချင်းရဲ့၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀မွေးနေ့
ပျော်ရင့်စွာအားလုံး ၀၀၀၀၀၀၀၀၀လက်ခုပ်တီး
အားလုံးသီချင်းဆို ၀၀၀၀၀၀၀၀၀၀ သင့်အတွက်

- ယခုလအတွင်းမွေးနေ့ကျရောက်သော ကျောင်းသားအမည်များကို ဆရာကသင်ပုန်းတွင် ရေးထားပါ၁
- သင်ပုန်းရှိအမည်များကိုဖတ်ပြ၍ သူငယ်ချင်းများအတွက် မွေးနေ့ပွဲသီချင်း သီဆိုပေးကြ မည်ဖြစ်ကြောင်း ပြောပါ၁
- မွေးနေ့ရှင်ကလေးများကို အတန်းရှေ့တွင် ရပ်စေပြီး ကျန်ကလေးများက မွေးနေ့သီချင်း ကိုလက်ခုပ်တီး၍ သီဆိုပါစေ၁

2/ rom;pcsi; rwnrrsm;uajymjci; (rep 30)

- မိမိတို့မိသားစုတွင် မွေးနေ့ပြုလုပ်လေ့ရှိသောကလေးများကို လက်ထောင်ပြပါစေ၁ မွေးနေ့ပြုလုပ်လေ့မရှိသော ကလေးများကိုလည်း လက်ထောင်ပြပါစေ၁
- ဆရာက စာသင်ခန်းအတွင်းရှိ သူငယ်ချင်းများ၏ မိသားစုများ တစ်ခုနှင့် တစ်ခု မတူညီ နိုင်ကြောင်း၊အခြားမတူညီမှုများစွာလည်းရှိနိုင်ကြောင်းကို ဥပမာဖြင့်ရှင်းပြပါ၁ ဆက်လက် ၍ အားလုံးတွင် မွေးနေ့ရှိကြောင်းကို ပြောပါ၁
- ထို့နောက် ကလေးအားလုံးကို ဝိုင်းပါစေ“မွေးနေ့သီချင်း”ကို ကလေးအားလုံး အတူဆို မည်ဖြစ်ကြောင်း၊ သီချင်းကို လမ်းလျှောက်ရင်း လက်ခုပ်တီးဆိုရမည်ဖြစ်ကြောင်း၊ ‘သင့်အတွက်’ ဆိုသော သီချင်းစာသား အရောက်တွင် လမ်းလျှောက်ခြင်းကို ရပ်၍ မျက်နှာချင်းဆိုင်ရှိ သူငယ်ချင်းကို လက်ညိုးထိုးရမည်ဖြစ်ကြောင်း ရှင်းပြပါ၁
- သီချင်းကို ၃(၄ ကြိမ် သီဆိုပါစေ၁
- မည်သည့် မတူညီမှုများရှိသည်ဖြစ်စေ သူငယ်ချင်းအားလုံး ချစ်ချစ်ခင်ခင် နေကြရမည် ဖြစ်ကြောင်း မှာကြားပါ၁

(မှတ်ချက်၁ ဩာတူညီမှုဖြစ်စေရန် ကျန်ကလေးများကိုလည်း လစဉ်မွေးနေ့သီချင်း သီဆို၍ ဂုဏ်ပြုပေးပါ၁)

အသေးစိတ်သင်ယူမှုရလဒ်၁ ဩတွေ့အကြုံများကို ပုံဆွဲဖော်ပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ ar;aevuaqmi &yyrsm;qjci; (rep30)

- မိသားစုများ၏မွေးနေ့တွင် ပေးလိုသောလက်ဆောင်များကို ပြောပါစေ၁
- မည်သူ့အတွက် မွေးနေ့လက်ဆောင်ပေးမည်ကို စဉ်းစား၍ မွေးနေ့လက်ဆောင်ကို ရုပ်ပုံဆွဲပါစေ၁
- မည်သူ့အတွက် မည်သည့်အရာပေးရန် ဆွဲထားသည်ကို ပြောပါစေ၁
- အိမ်ရှိ မိသားစုများကို ပြန်ပြောရန် တိုက်တွန်းပါ၁

A' [;ae

အသေးစိတ်သင်ယူမှုရလဒ်၁ ဆုံပြင်ကို အမှုအရာဖြင့်ပြန်ပြောတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]qiEiarsmu}}yjyiu rwroí ajymapjci; (rep 30)

- ဆရာက ကလေးများအား ပစောက်ပုံဝိုင်း၍ ထိုင်ပါစေ၁
- ဆရာက ကလေးများ၏ထိပ်တွင် ကလေးများ မျက်လုံးနှင့် တစ်တန်းတည်းဖြစ်အောင် ထိုင်ပါ၁
- ဆရာက ပုံပြင်ကိုအမှုအရာဖြင့် နောက်တစ်ကြိမ်ထပ်ပြောပါ၁
- ပုံပြင်ကို ပြောချင်တဲ့သူရှိသလား၁
- ဘယ်သူပြောချင်သလဲမေးပါ၁
- ပြောချင်သော ကလေးရှိက မှတ်မိသမျှပြောပါစေ၁
- ကလေးပုံပြင်ပြောနေစဉ် လိုအပ်သောနေရာတွင် ဆရာကကူညီပါ၁
- နောက်ထပ်ပြောချင်သော ကလေးရှိက ပြောပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ မိမိစိတ်ကူးကိုပုံဖော်ရေးခြစ်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ yjyiygEpou&myua&;qjci; (rep 30)

- ယခင်ပြုလုပ်ခဲ့ပြီးသော နည်းလမ်းအတိုင်းဆောင်ရွက်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ "B''အမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ "B'' tu&mu &wqjci; (15 rep)

- "A''အက္ခရာကို ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ "Good Morning''ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ "Good Morning'' uAsmu &wqjci; (15 rep)

- ယခင်သင်ပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆိသားစုဝင်များ၏ဆိုဆုံးမမှုများကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ;(1)z;|uuawmuAsm &wqjci; (5 rep)

- "ဖိုးကြက်တော"ကဗျာကိုရွတ်ဆိုပါစေ၁

"ဖိုးကြက်တော"
ရေခဲ့ကလေး ဖိုးကြက်တော
မှန်တာရဲရဲပြော
လိမ်မပြောနဲ့ မောင်လေးရယ်
ရေခဲ့ လျှောင်လိမ့်မယ်
လိမ်တယ်ဆိုတာ သတ္တိနည်း
လူညံ့ လူကြောက်ပဲ၁ ၁

- ကဗျာပါလူကြီးများ၏ဆိုဆုံးမမှုများကို ပြောပါစေ၁
(ဥပမာ-မှန်တာရဲရဲပြော၊ လိမ်မပြောနဲ့၀၀၀)

(2) rrw rom;p0irsm;\qq;rrrsm;uazmxwjci; (25 rep)

- မိသားစုဝင်များက မိမိတို့အားလုပ်ရမည်၊ မလုပ်ရဟုပြောဆိုထားသော ဆုံးမမှုများကို ပြောပါစေ၁
- လူကြီးများ၏ ဆိုဆုံးမမှုများကို မလိုက်နာပါက မည်သို့ဖြစ်နိုင်သည်ကို ကလေးများ ကြောင်းကျိုးဆက်စပ်ပြောနိုင်စေရန် ဆရာကလှုံ့ဆော်ပေးခြင်းဖြင့် ပြောပါစေ၁
- လူကြီးများက မိမိတို့အားချစ်၍ ဆိုဆုံးမခြင်းဖြစ်သောကြောင့် လူကြီးများ၏စကားကို နားထောင်ရမည်ဖြစ်ကြောင်း ဆရာက ပြောပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁အရွယ်အစားအမျိုးမျိုးကို အကြီးအသေးနှိုင်းယှဉ်ခွဲခြားတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ t0i;yre trsK;rsK;u yqjci; (rep 30)

- မိသားစုများ အိမ်တွင်စားလေ့ရှိသော၊ သို့မဟုတ် မြင်ဖူးသောမုန့်အဝိုင်းများ၊ သို့မဟုတ် အဝိုင်းပုံရှိသော အရာဝတ္ထုပစ္စည်းပုံများကို ၄(၅) ပုံခန့်ဆွဲပါစေ(ဥပမာ-ပလာတာ၊ နံပြား၊ တိုရှည်၊ ဆီးသီး၊ ပန်းသီး၊ မုန့်လက်ကောက်၊ ဘိန်းမုန့်ဝဝ)
- ထို့နောက် မိမိဘေးရှိသူငယ်ချင်းကိုပြ၍ မည်သည့်အရာဖြစ်သည်ကိုအလှည့်ကျပြောပါစေ၁ မိမိပုံကိုသူငယ်ချင်းဆွဲထားသော ပုံနှင့် နှိုင်းယှဉ်၍ အကြီးအသေးခွဲခြားပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁မိသားစုအသုံးအဆောင်ပစ္စည်းများကို ပုံဆွဲဖော်ပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ pwKuKuyqjci; (rep30)

- အိမ်ရှိ မိသားစု အသုံးအဆောင်ပစ္စည်းများကို ပုံဆွဲအရောင်ခြယ်ပါစေ၁
- ရုပ်ပုံများကပ်ရန်နေရာတွင် ကပ်ပါစေ၁

Kumoyaw;aeK

အသေးစိတ်သင်ယူမှုရလဒ်၁ ၁အသံများကိုနားထောင်၍တုန့်ပြန်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ yjyiyg w&pmersm;\ atmoajymapjci; (rep 30)

- ပုံပြင်တွင်ပါဝင်သော တိရစ္ဆာန်များ၏ အမည်ကိုပြောပါစေ၁
- ပုံပြင်တွင်ပါဝင်သော တိရစ္ဆာန်များ၏ အော်သံကိုပြောပါစေ၁
- တစ်ဦးချင်းပုံပြင်ပါ တိရစ္ဆာန်များ၏အော်သံကို ပြောချင်သူရှိပါကပြောပါစေ၁
- ပုံပြင်ပါတိရစ္ဆာန်တစ်ကောင်၏ အော်သံကိုပြောပြီးပါက မည်သည့်တိရစ္ဆာန်ဖြစ်ကြောင်း ပြောပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁စိတ်ကူးကိုပုံဖော်၍ရေးခြစ်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ Epou&mw&pmeyrsm;uvwvypma&;qjci; (rep 30)

- ကလေးများ နှစ်သက်သောတိရစ္ဆာန်ပုံကိုစိတ်ကြိုက်ရေးဆွဲပါစေ၁
- ဆွဲထားသော တိရစ္ဆာန်အမည်ကိုပြောပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁“Hello’’ uAsmygpum;v;rsm;o;í Ep0;wly; Ewquajymqjci; (rep 30)

- ယခင်သင်ပြီးသည့်အတိုင်း ပြောဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ အိမ် မိသားစုနှင့် မတူညီသောအခြားမိသားစုများ၏ ကျေးလွှမ်းထုံးစံများကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ (1) z;lu uawmuAsmu &wqjci; (5 rep)

- ဖိုးကြက်တောကဗျာကို အတိုင်အဖောက်ညီညီဖြင့် အပြန်အလှန် ရွတ်ဆိုပါစေ၁

(2)rom;p0irsm;\ aelp0vyaqmirrsm;uajymapjci; (25rep)

- ဖိုးကဲတို့မိသားစု ပုံပြင်ကို ပြန်ပြောပါ၁
- ပုံပြင်ပါ မိသားစုများနေ့စဉ်လုပ်ဆောင်ရသော အလုပ်များကို ပြောပါစေ၁
- မိမိတို့ မိသားစုဝင်တစ်ဦးချင်း၏ နေ့စဉ်လုပ်ဆောင်မှုများကို စဉ်းစား၍ အမှုအရာဖြင့် သရုပ်ဆောင်ပြပါစေ၁
- မိသားစုဝင်များ နေ့စဉ်မဖြစ်မနေလုပ်ဆောင်လေ့ရှိသော ယဉ်ကျေးမှု၊ဘာသာရေးဆိုင်ရာ၊ အပြုအမူများပါဝင်စေရန် ဆရာက အားပေးပါ၁ မတူညီမှုများကို ပြောပြပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ မိသားစုထမင်းဝိုင်းတွင် ကူညီပေးနိုင်မည့်အလုပ်များကို လက်တွေ့ ဆောင်ရွက်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁xri;yjyiqijci;u u ,wiyg0ivyaqmijci; (rep30)

- ပထမပတ် သောကြာနေ့၏ (ထမင်းပွဲပြင်ဆင်ခြင်းကို ကိုယ်တိုင်ပါဝင်ခြင်း)လုပ်ငန်းကို ထပ်မံဆောင်ရွက်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ရုပ်ပုံများကိုဖြတ်ညှပ်၍ ပုံဖော်ကပ်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ (1)½yyrsm;jzwnyuyjci; (rep30)

- ဆရာကြိုတင်စုဆောင်းထားသော မိသားစုတစ်ဦးချင်း လုပ်ဆောင်မှု၊ သို့မဟုတ် မိသားစုလိုက်လုပ်ဆောင်မှုများပါဝင်သော စာစောင်များကို အုပ်စုလိုက်ဝေပေးပါ၁
- စာရွက်ပေါ်တွင် ကပ်ရန်အနေအထားအတွက် ညှပ်ပါစေ၁
- တစ်ဦးလျှင် ရောင်စုံA4ကတ်ပြားတစ်ခုစီပေး၍ ညှပ်ထားသော ရုပ်ပုံများကို စိတ်ကြိုက် ပုံဖော်ကပ်ပါစေ၁

aomlumae

အသေးစိတ်သင်ယူမှုရလဒ်၁ ဆောရုံ(၅)ပါးကို အသုံးပြု၍ မိမိစိတ်ကူးကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ bmawv upm;en; upm;jci;(rep 20)

- ယခင် ကစားခဲ့ပြီးသော ကစားနည်းအတိုင်း ဆောင်ရွက်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။ကဗျာများကို အမှုအရာဖြင့်မှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]u}}Asn;uAsmEiausmi;ce;0iuAsm&wqjci; (rep20)

- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ် ၁ ။သွယ်ကူသော မေးခွန်းများကို ဖြေတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ oor{ajymr , upm;en; upm;jci;(rep 20)

- ယခင်နေ့နှင့်မတူသောမေးခွန်းများကိုသုံး၍ သိသမျှပြောမယ်ကစားနည်းဖြင့်ကစားပါမည်၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ "Good Morning'' uAsmygpum;v;rsm;o;í Ep0;wly; Ewquajymqjci; (15 rep)

- ယခင်သင်ပြီးသည့်အတိုင်း ပြောဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။'A,B''အမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁"A,B'' tu&mu &wqjci; (15 rep)

- အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။မိသားစုဝင်အချင်းချင်းချစ်ခင်စေမည့် အပြုအမူများကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ (1) cpm;rrsuEm&yyrsm;ucjcm;jci;(5 rep)

- ဆရာကသင်ပုန်းတွင် အဝိုင်းပုံအခြေခံသော ပြုံးနေသည့် မျက်နှာပုံဆွဲပါ၁ ဘာဖြစ်နေတဲ့ပုံလဲဟုမေးပါ၁
- ဆက်လက်၍ ပြုံးမဲ့နေပုံ၊ကြောက်နေပုံစသည်ဖြင့်တစ်ခုစီဆွဲ၍ရှေးနည်းတူမေးပါ၁
- အကြိုက်ဆုံးပုံကို ပြောပါစေ၁

(2) rsuEmyqí rrwUtawUtBukcpm;csuuajymjci; (15 rep)

- သင်ပုန်းရှိပုံများအနက် မိမိဖြစ်ခဲ့ဖူးသော မျက်နှာပုံကို ကူးဆွဲရန်ပြောပါ၁
- ထို့နောက်အဘယ်ကြောင့် ထိုမျက်နှာမျိုးဖြစ်ခဲ့ရသည်ကို ပြောတတ်သလိုပြောပါစေ၁ (အကြိုးကိုမှာ- စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ ဒေါသဖြစ်ခြင်း၊ ငိုခြင်း၊ ရယ်ခြင်းများ ကြုံခဲ့ဖူးသည်ကို ဖော်ထုတ်စေလိုခြင်းဖြစ်သည်၁)

(3) rom;p0icsi; &&rntjy{trrsm;uazmxwjci; (10 rep)

- ဆရာက သင်ပုန်းရှိ ရုပ်ပုံများကို ထောက်ပြ၍ မိသားစုဝင်များအားလုံးတွင် မည့်သည့် မျက်နှာအမှုအရာမျိုးရှိစေချင်သည်ကိုပြောပါစေ၁
- မိမိတို့တွင် မည်သည့်မျက်နှာပုံစံမျိုးရှိသည်ကိုပြောပါစေ၁
- (ပြုံးနေသောမျက်နှာပုံစံရှိသည်ဟု ပြောကြားသော ကလေးများအား ချီးမွမ်းအားပေးပါ၁)
- အတန်း၏နေရာတစ်ခုတွင်ပြုံးနေပုံနှင့်မဲ့နေပုံတို့ကို ဆွဲထားသောစာရွက်(၂)ခုကိုကပ်ပါ၁
- ဆရာပြောသောအပြုအမူများကိုနားထောင်စေပြီး ထိုအပြုအမူကို ကြိုက်ပါက ချစ်တယ်ဟုအော်၍ ပြုံးနေသောမျက်နှာ ရုပ်ပုံနေရာတွင်ပြေး၍ရပ်ပါစေ၁ မကြိုက်ပါက မချစ်ဘူးဟုအော်၍မဲ့နေသောရုပ်ပုံနေရာတွင် ပြေး၍ရပ်ပါစေ၁

- မိသားစုဝင်အားလုံးပြုံးနေသော မျက်နှာများဖြစ်နေစေရန်အတွက် အားလုံးတွင် ချစ်တယ်ဟူသော အပြုအမူများ ဖြစ်အောင် နေရန်လိုကြောင်း ဆရာက ပြောပါ၁ (မှတ်ချက်၁ ဆရာအနေဖြင့်ပြုံးစေသော၊ မဲ့စေသောအပြုအမူများကို ကြိုတင်စဉ်းစား ထားရန်လိုပါသည်၁

ဥပမာ -အတူတူကစားရင်ဝ၀ဝ၀ဝ
မုန့်အတူစားရင် ဝ၀ဝ၀ဝ
ပုံပြောပြရင် ဝ၀ဝ၀ဝ၀ဝ
အော်ပြီးပြောရင် ဝ၀ဝ၀
ရိုက်ရင် ဝ၀ဝ၀ဝ၀ဝ၀ ဝ
ပြုံးပြုံးလေးပြောရင်ဝ၀ဝ၀ဝစသည်ဖြင့်)

အသေးစိတ်သင်ယူမှုရလဒ်၁ ဆရောင်များကိုတူရာ၊ မတူရာနှိုင်းယှဉ်ခွဲခြားတတ်ရန်၁

လုပ်ငန်းစဉ် ၁ (1) rsuEmyrsm;qjci;? upm;jci; (rep30)

- ပြုံး၊ မဲ့၊ ငို၊ မျက်နှာပုံများကို စာရွက်ပိုင်းတစ်ခုစီတွင်ကူးရေးပါစေ၁
- ကလေးများအားကြိုက်ရာ အရောင်တစ်မျိုးကိုသာသုံး၍ အရောင်ခြယ်ပါစေ၁
- အရောင်ခြယ်ပြီး ရုပ်ပုံများအရ အရောင်တူရာစုစေသော ကစားနည်းကို ကစားပါစေ၁ (ဥပမာ- ဆရာက တူရာအရောင်များအရင်စုစေခြင်း၊ အရောင်တူနှစ်ဦး စီသာတွဲစေခြင်း၊ အရောင် တစ်မျိုးစီတွဲစေခြင်း ဝ၀ဝ၀ဝစသည်ဖြင့်)

အသေးစိတ်သင်ယူမှုရလဒ်၁ ဆာည်းချက်ကျကျ လက်ခုပ်တီး၍ အများနှင့်စုပေါင်းသီဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ ocsi;uAsmrsm;u pn;csuEitn oqvy&m;jci;/(rep30)

- ရှေ့တွင်(ယခင်ရက်များက) သီဆိုခဲ့ပြီးသော သီချင်းကဗျာများကို စည်းချက်ကျစွာ လက်ခုပ်တီး၍ သီဆိုလှုပ်ရှားပါစေ၁
(မှတ်ချက်၁ ဆာလေးများ နှစ်ပတ်အတွင်း ပြုလုပ်ခဲ့သော တစ်ဦးချင်းလုပ်ငန်း ရလဒ်များကိုစုစည်း၍ တို့မိသားစုစာအုပ်အဖြစ် မိသားစုများ အကူအညီဖြင့် ပြုလုပ်ပါ၁ စာအုပ်တွင် ဈေးတ်ပုံများရှိက ကပ်ရန်ညွှန်ကြားပါ၁
ဥပမာ- မိသားစုရုပ်ပုံစာရွက်၊ ဘဲမိသားစုစာရွက်၊ မိသားစုအတွက် ဝယ်ပေးလိုသော အရာ၊ မိသားစုအလှူ လှုပ်ရှားမှုရုပ်ပုံ၊ ဖြတ်ညှပ်ကပ်စာရွက်၊ မိသားစုသုံးပစ္စည်း စာရွက်၊ ပြုံး၊ ငို၊ မဲ့ မျက်နှာပုံများ ဝ၀ဝ၀ဝစသည်ဖြင့်)

oice;pmjyiqi&evsmxm;cstusO;cs\y

3/ wlausmi;

yxryw

စာသင်ချိန်	တနလ်ာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ
၉း၁၅- ၁၀း၁၅	- ကျောင်းနှင့်သက်ဆိုင်သောမေးခွန်းများမေး၍ဖြေစေခြင်း - “ရေဌမာင်းသံ” (ကဗျာ)ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- “ရေဌမာင်းသံ” (ကဗျာ)ရွတ်ဆိုခြင်း - လက်မထောင်ကစားနည်းဖြင့် ကစားခြင်း (ပြောဆိုဆက်သွယ်)	- “ရေဌမာင်းသံ” ကဗျာကိုအသံနေအသံထားမှန်စွာရွတ်ဆိုခြင်း - အမည်များကို လက်ခုပ်တီး၍ အသံခွဲခြားခြင်း - မိမိနှစ်သက်ရာ အစားအစာပုံ ကိုရောင်စုံစက္ကူ ဖြင့်ပုံဖော်ခြင်း (ပြောဆိုဆက်သွယ်)	- အမည်များကို လက်ခုပ်တီး၍ အသံခွဲခြားခြင်း - “က”ဗျည်း ကဗျာရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- “ဘယ်သွားမလို့ လဲဂျာဘောက်” ပုံပြင်ရှုရပ်ပုံကို ကြည့်၍ထင်မြင်ချက်ပြောစေခြင်း “ဘယ်သွားမလို့ လဲဂျာဘောက်” ပုံပြင်ပြောခြင်း (ပြောဆိုဆက်သွယ်)
၁၀း၄၅- ၁၁း၁၅	- "A,B,C,D' 'သီချင်းကိုအုပ်စုလိုက်"A,B,C" စာလုံးအစဉ်လိုက်ကတ်ပြားများ ပြ၍ သီဆိုခြင်း - "C"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "A,B,C,D" သီချင်းကို ကိုယ်ခန္ဓာ လှုပ်ရှားမှု အမျိုးမျိုးဖြင့် သီဆိုခြင်း - "C"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "A,B,C,D" သီချင်းကို တစ်လုံးချင်း ထောက်၍ သီဆိုခြင်း - "D"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "Hello"ကဗျာ ကိုရွတ်ဆိုခြင်း - "D"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "GoodMorning, Hello, A,B,C,D" သီချင်းကဗျာ များကို စိတ်ကြိုက် ရွတ်ဆိုခြင်း - A,B,C,D အက္ခရာများကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)

စာသင်ချိန်	တနလ်ာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ
၁၁း၁၅- ၁၁း၄၅	- "တို့ကျောင်း" ကဗျာရွတ်ဆိုခြင်း - ကျောင်းအမည်၊ ကျောင်းအုပ်ကြီး၊ အတန်းဆရာ အမည်နှင့် ကျောင်းတည်နေရာကို ပြောခြင်း (စာရိတ္တ၊ မိတ္တ)	- ကျောင်းဝင်း အတွင်း ကြည့်ရှုလေ့လာခြင်း - ကျောင်းဝင်း အတွင်း ကြည့်ရှုလေ့လာခဲ့သည်များကို ဆွေးနွေးခြင်း (စာရိတ္တ၊ မိတ္တ)	- ကျောင်းအလံ တိုင်ရှိ နိုင်ငံတော် အလံကို လေ့လာ၍ လက်တွေ့ အလေးပြုခြင်း (စာရိတ္တ၊ မိတ္တ)	- "ဖိနပ်ကလေး" ကဗျာရွတ်ဆိုခြင်း - စာသင်ခန်းတွင် ပြုလုပ်ရမည့် အချက်များကို ဆွေးနွေးခြင်း (ကိုယ်စိတ်နှစ်ဖြာ)	- အတွင်းအပြင် ခွဲခြားကစားခြင်း (သင်္ချာ)
၁၁း၄၅- ၁၂း၁၅	- စာသင်ခန်းရှိ ပစ္စည်းများကို အပေါ်-အောက် ခွဲခြားခြင်း မျက်နှာပေါ်ရှိ အစိတ်အပိုင်းများကိုအသုံးပြု၍ အပေါ်-အောက် ခွဲခြား ခြင်း (သင်္ချာ)	- ကျောင်းဝင်း အတွင်းတွေ့မြင်ခဲ့သည်အရာများ ကိုရေးဆွဲခြင်း (စာရိတ္တ၊ မိတ္တ)	- အတွင်းအပြင် ခွဲခြားခြင်း (သင်္ချာ)	- စာသင်ခန်းတွင် ပြုလုပ်ရမည့် အချက်များကို ဆွေးနွေးခြင်း - လုပ်ရမည်၊ မလုပ်ရပါ ရွေးပေးရသော ကစားနည်းကို ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ)	- စာသင်ခန်းနှင့် စာသင်ခန်း ပတ်ဝန်းကျင် သန့်ရှင်းရေး လက်တွေ့ပါဝင် လုပ်ဆောင်ခြင်း (ကိုယ်စိတ်နှစ်ဖြာ)
၁၃း၃၀- ၁၄း၀၀	- မိမိကျောင်းပုံကို စိတ်ကြိုက်ရေးဆွဲခြင်း (အနုပညာရသ)	- "တို့ကျောင်း ကဗျာ"ရွတ်ဆိုခြင်း (အနုပညာရသ)	- ရေးဆွဲပြီး ကျောင်းပုံအား အရောင် ခြယ်ခြင်း (အနုပညာရသ)	"ဖိနပ်ကလေး" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ)	- နှစ်သက်ရာ ပစ္စည်းပုံ ရေးဆွဲခြင်း (အနုပညာရသ)

o ice;pmjyi q i&e v sm x m;cs u t u sO;cs ly

3/ wlau smi;

'w , yw

စာသင်ချိန်	တနလ်ာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ
၉း၁၅- ၁၀း၁၅	- မနက်၊နေ့လယ်၊ ညတို့တွင်လုပ်ခဲ့ သောလုပ်ငန်း များကို မေးမြန်း ၍ ဖြေစေခြင်း (ဥပမာ- မင်း မနက်ကဘာစား ခဲ့သလဲ) - "ဘယ်သွားမလို့ လဲဂျာဘောက်" ပုံပြင်ကို ဆရာက ပြောပြခြင်း (ပြောဆိုဆက်သွယ်)	- "ဘယ်သွားမလို့ လဲဂျာဘောက်" (ပုံပြင်)ကိုကလေး များပြောခြင်း - မနက်၊နေ့လယ်၊ ညတို့တွင်လုပ် ခဲ့သောလုပ်ငန်း များကိုမေးမြန်း ၍ဖြေခြင်း ဥပမာ-မင်း ညက TV ကြည့်သေးလား (ပြောဆိုဆက်သွယ်)	- "ဘယ်သွားမလို့ လဲဂျာဘောက်" (ပုံပြင်)ကိုကလေး များပြောခြင်း - မနေ့က၊ဒီနေ့၊ မနက်ဖြန် စကားလုံးတို့ကို သုံးကာမေးမြန်း ၍ ဖြေခြင်း (ပြောဆိုဆက်သွယ်)	- မနေ့က၊ဒီနေ့၊ မနက်ဖြန် စကားလုံးတို့ကို သုံးကာမေးမြန်း ၍ ဖြေခြင်း - "ဘယ်သွားမလို့ လဲဂျာဘောက်" (ပုံပြင်)ပါ စကား လုံးများကိုအသုံး ပြု၍ အစားထိုး ပြောခြင်း (ပြောဆိုဆက်သွယ်)	- ဘယ်သွားမလို့ လဲဂျာဘောက် (ပုံပြင်)ပါ စကားလုံးများ ကို အသုံးပြု၍ အစားထိုးပြော ခြင်း - "ရေဌေမာင်းသံ" (ကဗျာ)ကို အသံနေအသံ ထားမှန်မှန် ဟန်အမူအရာ ဖြင့်ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)
၁၀း၄၅- ၁၁း၁၅	- "Good Bye"ကဗျာကို ရွတ်ဆိုခြင်း - "E"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "Good Bye"ကဗျာ ရွတ်ဆိုခြင်း - "E"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "Good Bye"ကဗျာပါ စကားလုံး များကိုသုံး၍ နှုတ်ဆက်ပြော ဆိုခြင်း - "F"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "Good Bye"ကဗျာပါ စကားလုံးများကို ဆရာဦးဆောင် မှုဖြင့်အသုံးပြု ပြောဆိုခြင်း - "F"အက္ခရာကို ရွတ်ဆိုခြင်း (ပြောဆိုဆက်သွယ်)	- "Good Bye" ကဗျာပါ စကား လုံးများကိုသုံး၍ အချင်းချင်း နှုတ်ဆက် ပြောဆိုခြင်း - "AမှF"အထိ အက္ခရာ ကတ်ပြား များဖြင့် ကစားခြင်း (ပြောဆိုဆက်သွယ်)

စာသင်ချိန်	တနလ်ာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ
၁၁း၁၅- ၁၁း၄၅	- "ဖိနပ်ကလေး" ကဗျာ ရွတ်ဆိုခြင်း - ကျောင်းနှင့် စာသင်ခန်းအတွင်း အနရာယ်မဖြစ်အောင်ပြုမူ ရမည့်အချက်များနှင့်ပတ်သက်၍လက်မထောင်ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ)	- ကျောင်းတွင်း လှည့်လည်ကြည့်ရှုခြင်း (ကိုယ်စိတ်နှစ်ဖြာ)	- စုပေါင်းလုပ်ဆောင်ခြင်း (စာရိတ္တ၊ မိတ္တ)	- ရှေ့နောက်ခွဲခြားခြင်း - "တစ်လှမ်းတိုးပါ" ကဗျာရွတ်ဆိုခြင်း (သင်္ချာ)	- ဘောလုံးလက်ဆင့်ကမ်းပေး ကစားခြင်း (စာရိတ္တ၊ မိတ္တ)
၁၁း၄၅- ၁၂း၁၅	- ရှေ့နောက်ခွဲခြားစေခြင်း (သင်္ချာ)	- အနရာယ်ကြုံတွေ့ပါကပြန်လည်တုံ့ပြန်ရမည့်အချက်များကို ဆွေးနွေးခြင်း (ကိုယ်စိတ်နှစ်ဖြာ)	- "လက်ဆင့်ကမ်းကစားနည်း" ဖြင့်ကစားခြင်း (စာရိတ္တ၊ မိတ္တ)	- "ယုန်ကလေး ဖြူဖြူ"ပုံပြင်ပြောခြင်း (စာရိတ္တ၊ မိတ္တ)	- လက်ဝဲ၊ လက်ယာခွဲခြားစေခြင်း (သင်္ချာ)
၁၃း၃၀- ၁၄း၀၀	- ရေးဆွဲပြီးသောပုံများကို အရောင်ခြယ်ခြင်း (အနုပညာရသ)	- ကျောင်းဝင်းပုံ ဖော်ကပ်ခြင်း (အနုပညာရသ)	- "သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင်"ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ)	- "သူငယ်ချင်း" ကဗျာကို ရွတ်ဆိုခြင်း (အနုပညာရသ)	- ဘယ်လက်၊ ညာလက်ပုံ ရေးဆွဲခြင်း (အနုပညာရသ)

wVausmi;

yxryw

wevmae

အသေးစိတ်သင်ယူမှုရလဒ်၁ ။မေးခွန်းများကိုနားထောင်ပြီးဆီလျော်စွာပြောဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ။ausmi;Eiouqiaomar;ce;rsm;ar;íajzapjci; (rep 30)

- ဆရာက ကလေးတစ်ဦးချင်းစီကို ကျောင်းကိုဘာနဲ့လာသလဲ၁ ဘယ်သူလိုက် ပို့သလဲ၊ ကျောင်းကိုလာတဲ့လမ်းမှာ ဘာတွေတွေ့ရသလဲ စသည်ဖြင့် မေးပါ၁
- ကလေးများအားလုံးဖြေဆိုပြီးပါက ကလေး (၂)ဦးမျက်နှာချင်းဆိုင်ရပ်စေပြီး ကျောင်းနှင့် သက်ဆိုင်သော မေးခွန်းများကို အချင်းချင်းအပြန်အလှန်အမေးအမြန်းပြုလုပ်ပါစေ၁
- ကလေးများအား လူပြောင်း၍မေး၊ဖြေပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။ဘာဗျာကိုမှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ။ ။]]a&armi;o}}uAsm&wjci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။သီချင်းကဗျာကို မှန်ကန်စွာရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ။A,B,C,D,....ocsi;u pmv;p0tvu uwjym;jyíoqjci; (15 rep)

- A,B,C,D,....သီချင်းကို တို့မိသားစု ဒုတိယအပတ် (တနလ်ာနေ့)အတိုင်း သီဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။Cအက္ခရာအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ။Ctu&mu &wqjci; (15 rep)

- ယခင်သင်ပြီးသည့် အက္ခရာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။ကျောင်း၊ ကျောင်းအုပ်ကြီး၊ အတန်းဆရာအမည်နှင့် ကျောင်းတည်နေရာတို့ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ။ ။]]wVausmi;}}uAsm&wqjci; (15 rep)

- ဆရာမှ ဦးဆောင်၍ကလေးများနှင့်အတူ "တို့ကျောင်း" ကဗျာကို ရွတ်ဆိုပါ၁

]]wVausmi;}}
ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လိုချို၊
နေခြည်မှာရေရွှည်လောင်း
ငါတို့စာသင်ကျောင်း၁

ausmi;trn? ausmi;tyBu;? twe;q&mtrnEi ausmi;wnae&mu ajymapjci; (15 rep)

- ကလေးများအား ကျောင်းအမည်၊ ကျောင်းတည်နေရာ၊ အတန်းဆရာအမည်၊ ကျောင်းအုပ်အမည်တို့ကို စဉ်းစားပြီးပြောပါစေ၁
- (ကျောင်းအမည်ကိုအမက(၁)၊ အလက(၁)စသည်ဖြင့် အတိုကောက်သာပြောစေပြီး တည်နေရာကို ရပ်ကွက်၊ မြို့နယ်လောက်သာ ပြောပါစေ၁)

အသေးစိတ်သင်ယူမှုရလဒ်၁ အပေါ့အောက်ကိုခွဲခြားပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ pmoice;twi;&ypn;rsm;utay:?atmucjcm;jci;(15 rep)

- ဆရာကမိမိစားပွဲအပေါ်နှင့်အောက်တွင် ပစ္စည်းအချို့နှင့်စာရေးကိရိယာအချို့ကိုထားပါ၁
- ကလေးများအား ပစ္စည်းတစ်ခုစီကို ကိုင်ပြ၍ ထိုပစ္စည်း၏နေရာ(အပေါ်ခွဲအောက်)ကို ခွဲခြားပြောပါစေ၁
- စားပွဲအပေါ့ အောက်တွင်ရှိသော ပစ္စည်းများ၏အမည်ကို ကလေးများအား အလှည့်ကျပြောပါစေ၁
- rsuEmay:&tpwtyi;rsm;utoj;yk;ítay:?atmucjcm;apjci;(15rep)
- ဆရာကမျက်နှာပေါ်ရှိ အစိတ်အပိုင်းများကို အသုံးပြု၍ ကလေးများအား အပေါ့အောက်ခွဲခြားပါစေ၁(ဥပမာ- မေးစေ့၏အပေါ်တွင်ဘာရှိသလဲ)

အသေးစိတ်သင်ယူမှုရလဒ်၁ မိမိကျောင်းပုံရေးဆွဲတတ်ရန်၁

လုပ်ငန်းစဉ် ၁ ?rrausmi;ypwbu&ua&;qjci; (rep30)

- မိမိကျောင်းပုံကို စိတ်ကြိုက်ရေးဆွဲပါစေ၁
- ကလေးများရေးဆွဲထားသော ပုံများကို ဆရာက သိမ်းထားပေးပါ၁

t *gae

အသေးစိတ်သင်ယူမှုရလဒ်၁ ဘာဗျာကိုမှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]a&armi;o}}uAsm&wqjci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆားထောင်မှုစွမ်းရည်တိုးတက်စေရန်၁

လုပ်ငန်းစဉ် ၁ ၁]]vuraxmi}}upm;en;jziupm;jci; (rep 30)

- ဆရာက ကျောင်းတွင် ရောင်းသောမုန့်တစ်မျိုး၏အမည်ကို ပြောပါ၁
- ကလေးများကကြိုက်လျှင် လက်မထောင်ပြ၍မကြိုက်လျှင် လက်မအောက် စိုက်ပြရပါမည်၁
- ဆရာက မုန့်အမည်များကို တစ်ခုပြီးတစ်ခုပြောင်းပြီး ဆက်၍ကစားပါ၁
- ကလေးအချင်းချင်းလည်းမုန့်အမည်များကိုအလှည့်ကျပြောစေပြီး ဆက်၍ကစားပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ သီချင်းကဗျာကို အမှုအရာဖြင့် ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁A,B,C,Docsi;u u ,cEm vy&m;rtrsk;rsk;jzi oqjci;(15 rep)

- A,B,C,D သီချင်း၊ ကဗျာကို (၂)ခေါက်၊ သို့မဟုတ် (၃)ခေါက် အသံထွက်မှန်စွာကြိုက်နှစ်သက်ရာ ကိုယ်ခန္ဓာ လှုပ်ရှားမှု တစ်မျိုးမျိုးဖြင့် ဆရာက ဦးစွာရွတ်ဆိုပြပါ၁
- ဆရာနှင့်ကလေးများ အတူတကွ အထက်ပါအတိုင်း ရွတ်ဆိုပါ၁
- ကလေးများ ကိုယ်တိုင် တစ်တန်းလုံး၊ အုပ်စုလိုက် ထိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ C အက္ခရာအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁C tu&mu &wqjci; (15 rep)

- ယခင်သင်ပြီးသည့် အက္ခရာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။ကျောင်းဝင်းအတွင်းတွေ့မြင်ရသောအရာများကိုပြောပြတတ်ရန်၁

လုပ်ငန်းစဉ်(၁) ၁ ။auSmi;0i;twi;Nun&avvmjci; (rep30)

- ကျောင်းဝင်းအတွင်း ကြည့်ရှုလေ့လာရန်မသွားခင် ဆရာက ကလေးများအား ကျောင်းဝင်းတွင် တွေ့မြင်ရတဲ့အရာများကို မှတ်သားရန်မှာကြားပါ၁
- ဆရာနှင့်အတူကျောင်းဝင်း အတွင်းလှည့်လည်၍ လွတ်လပ်စွာ ကြည့်ရှုလေ့လာပါစေ၁

လုပ်ငန်းစဉ်(၂) ၁ ၁ ausmi;0i;twi;Nun½avvmconrsm;uaq;aE;jci; (15 rep)

- စာသင်ခန်းတွင်းပြန်ရောက်ပါက ကလေးများတွေ့မြင် မှတ်သားခဲ့သည်များကို ပြန်ပြောပါစေ၁

(ဥပမာ-အလံတိုင်၊ကျောင်းအုပ်ကြီးရုံးခန်း၊ မုန့်စျေးတန်း၊ အိမ်သာ၊ သစ်ပင်ဝဝ)

ausmi;0i;twi;awUjricont&mrsm;a&;qjci; (15 rep)

- ကလေးများအား ကျောင်းဝင်းအတွင်း မြင်တွေ့မှတ်သားထားခဲ့သည့်အရာများကို ရေးဆွဲပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁]]wUausmi;}}uAsm&wqjci; (rep30)

-]]wausmi;}} ကဗျာကို ဆရာကဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ၁
- ဆရာနှင့် ကလေးများ အတူရွတ်ဆိုပါ၁
- ကလေးအားလုံးရွတ်ဆိုပါစေ၁

]]wausmi;}}
ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ခ်ီ၊
နေခြည်မှာရေရှည်လောင်း
ငါတို့စာသင်ကျောင်း၁

A'[;ae

အသေးစိတ်သင်ယူမှုရလဒ်၁ ။ကဗျာကိုမှန်ကန်သွက်လက်စွာရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]]a&armi;o}}uAsmu toaetoxm;repm &wqjci; (15 rep)

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ။အသံအစိတ်အပိုင်းများကိုခွဲထုတ်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ trnrsm;u vucyw;ítocjcm;jci; (15 rep)

- ဆရာက စာသင်ခန်းအတွင်းရှိပစ္စည်းအမည်များကို လက်ခုပ်တီး၍ အသံ ခွဲခြားမည်ဟုပြောပါ၁
- ဆရာက "စာအုပ်" ဟုပြောလျှင် ကလေးများက အသံတစ်သံကို လက်ခုပ် တစ်ချက်တီးပါစေ၁
- (ဥပမာ- "စာ"ဆိုလျှင်လက်ခုပ်တစ်ချက်၊ "အုပ်"ဆိုလျှင်လက်ခုပ် တစ်ချက် တီးရန်၁)
- ဆက်လက်၍ ဆရာက စာသင်ခန်းအတွင်းရှိ အခြားပစ္စည်းများ၏ အမည်များကို အစားထိုး၍ပြောပါ၁

- ကလေးတစ်ဦးစီက နှစ်သက်ရာပစ္စည်းအမည်များကို အလှည့်ကျပြောစေပြီး ကျန်ကလေးများအား လက်ခုပ်တီး၍ အသံခွဲခြားပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆိမိစိတ်ကူးကိုပုံဖော်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ rrEpou&mtpm;tpmyu a&mippuLjziyazmjci; (rep 30)

- ဆရာက ကလေးများနှစ်သက်သည့်အစားအစာများကို မေးမြန်းပါ၁
- အစားအစာတူရာကို အုပ်စုဖွဲ့ပေးပါ၁
- A4 စက္ကူ ရောင်စုံစက္ကူ ကော်၊ ကတ်ကြေးစသည်တို့ကို အုပ်စုလိုက် ဝေပေးပါ၁
- ထိုအစားအစာများ မည်သို့ပုံဖော်မည်ကို ဆရာက နမူနာပြုလုပ် ပုံဖော်ပြပါ၁
  ဥပမာ-ရေခဲမုန့် (စက္ကူကိုခေါက်လိပ်ပြီး စက္ကူညှပ်စများထည့်၍ ပုံဖော်နိုင်သည်၁)
  ပန်းသီး (ပုံဆွဲပြီးဖြတ်၊ ညှပ်ပုံဖော်နိုင်သည်၁)
  ချိုချဉ် (စက္ကူကိုခေါက်လိပ်ပြီး အစွန်းနှစ်ဖက်လိပ်၍ ပုံဖော်နိုင်သည်၁)
- ဆက်လက်၍ မိမိနှစ်သက်ရာအစားအစာကို ကလေးများ အုပ်စုလိုက်ပုံဖော်ပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁A,B,C,Docsi;uAmu wpv;csi;axmuí oqjci; (15 rep)

- A,B,C,D သီချင်းကဗျာရေးထားသော ကားချပ်ကို အတန်းရှေ့တွင် ချိတ်ဆွဲထားပါ၁
- ဆရာကA,B,C,D သီချင်းကို သင်ပုန်းပေါ်ရှိ ကားချပ်မှ အင်္ဂလိပ် အက္ခရာ စာလုံးများကို တစ်လုံးချင်းစီ ထောက်ပြ၍ (၂)ကြိမ်၊ သို့မဟုတ် (၃)ကြိမ်ရွတ်ဆိုပါ၁ (ရွတ်ဆိုသော စာလုံးနှင့် ထောက်ပြသောစာလုံး တစ်ထပ်တည်း ကျရပါမည်၁)
- ဆရာနှင့်ကလေးများ အတူတကွ ရွတ်ဆိုပါ၁
- သီဆိုလိုသော ကလေးတစ်ဦးအား အတန်းရှေ့သို့ထွက်စေ၍ အင်္ဂလိပ်အက္ခရာစာလုံးများကို တစ်လုံးချင်းထောက်စေကာ တစ်တန်းလုံးနှင့်အတူ ရွတ်ဆိုပါစေ၁
- ဆရာက အက္ခရာစာလုံးများကို ကူညီ၍ ထောက်ပြပေးပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"D" အက္ခရာအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁"D"tu&mu &wqjci; (15 rep)

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ နိုင်ငံတော်အလံအကြောင်းပြောပြတတ်ရန်၁(အရောင်များ)

လုပ်ငန်းစဉ် ၁ ၁ ausmi;tvwi& Eiiawmtvu avvmí vuawUtav;jyKjci; (rep30)

- ပထမဦးစွာ ဆရာကကလေးများနေထိုင်သော နိုင်ငံသည် မြန်မာနိုင်ငံဖြစ်ကြောင်း ပြောပြပါ၁ မြန်မာနိုင်ငံမြေပုံရှိပါက ကလေးများမြင်ဖူးအောင် ပြပေးပါ၁
- နိုင်ငံတော်အလံသည် မြန်မာနိုင်ငံ၏ ကိုယ်စားပြု အမှတ်အသားဖြစ်ကြောင်း ပြောပြပါ၁
- ဆရာနှင့်အတူ ကလေးများအား အလံတိုင်ရှေ့တွင် နိုင်ငံတော်အလံအလေးပြုပုံကို လက်တွေ့လုပ်ဆောင်ပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၃အတွင်းအပြင်ကိုခွဲခြားပြောပြတတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ twi;tjyiu cjcm;jci; (rep30)

- ကလေးအရေအတွက်ပေါ်မူတည်၍ သင့်လျော်သော အုပ်စုငယ်များဖွဲ့ပါ၁
- ကလေးတိုင်းအားမိမိနှစ်သက်ရာ ပစ္စည်းတစ်ခုစီကိုယူလာပါစေ၁
- စာသင်ခန်းအတွင်း စက်ဝိုင်းကြီးတစ်ခုဆွဲ၍ အုပ်စုတစ်စုချင်းအလိုက် ယူဆောင်လာသော ပစ္စည်းများကို စက်ဝိုင်းအတွင်း၊ သို့မဟုတ် စက်ဝိုင်းအပြင်တွင် နှစ်သက်သလို ထားပါစေ၁ ထို့နောက်ဆရာက - င်းအုပ်စုအား အောက်ပါမေးခွန်းများ မေးပါ၁
- စက်ဝိုင်း၏အတွင်းတွင်ရှိသော ပစ္စည်းများကို ပြောပြပါ၁
- စက်ဝိုင်း၏အပြင်တွင်ရှိသော ပစ္စည်းများကို ပြောပြပါ၁
- အုပ်စုတစ်စုက အဖြေပြောနေစဉ်တွင် ကျန်အုပ်စုများမှ ကလေးများကိုလည်း ဝိုင်းဝန်းကြည့်ရှုပါစေ - င်းနောက် အုပ်စုလိုက် အလှည့်ကျ ဆက်လက်လုပ်ဆောင်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆကျာင်းပုံအား အရောင်ခြယ်တတ်ရန်၁

လုပ်ငန်းစဉ် ၁ ၁ a&;qly; ausmi;ytm;ta&mijc,jci; (rep30)

- တနလ်ာနေ့တွင် ကလေးများရေးဆွဲထားခဲ့သော ကျောင်းပုံများကို စိတ်ကြိုက် ဆေးခြယ်ပါစေ၁

lumoyaw;ae

အသေးစိတ်သင်ယူမှုရလဒ်၁ ဆအသံအစိတ်အပိုင်းများကိုခွဲထုတ်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁trnrsm;uvucyw;í tocjcm;jci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသောနည်းအတိုင်းပစ္စည်းအမည်များကိုပြောင်း၍ ပြောပြီးပြုလုပ်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"က"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]u}}Asn;(uAsm)&wqjci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသော ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁HellouAsm &wqjci; (15 rep)

- ယခင်သင်ပြီးသည့်အတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"D"အက္ခရာအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁"D"tu&mu &wqjci; (15 rep)

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆကျာင်းတွင်းနှင့် စာသင်ခန်းတွင်းပြုမူလုပ်ဆောင်ရမည့် အချက်များကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]]zeyuav;}}uAsm&wqjci; (15 rep)

- ဆရာနှင့် အတူကလေးများဖိနပ်ကလေးကဗျာကို ရွတ်ဆိုပါစေ၁

]]zeyuav;}}

ဖိနပ်ကလေးကို (ညီညီကွယ်)[?]

ဖိနပ်လေးကို ညီညီကွယ်စီကာထားရမယ်၁

စာအုပ်ကလေးကို (ညီညီကွယ်)[2]
စာအုပ်လေးကိုညီညီကွယ်စီကာထားရမယ်ဝ
အမှိုက်ကလေးကို (အတူတူကွယ်)[2]
အမှိုက်ကလေးကို အတူတူကွယ်ပြိုင်တူကောက်ကြမယ်ဝ
ကစားရတာပျော်ပါသလား(ပျော်ပါတယ်)[3]
- ကစားပြီးရင် ဘာလုပ်မလဲ ဝဝဝပြန်ကာသိမ်းရမယ်ဝ

pmoice;twi;jy*vy&rntcsursm;uaq;aE;jci; (15 rep)

- ဆရာက ကလေးများအားမေးခွန်းများမေး၍ ဆွေးနွေးပါဝ
- ဖိနပ်များကို ဘယ်လိုထားရမလဲဝ
- အမှိုက်တွေ့လျှင်ဘာလုပ်မလဲဝ
- အမှိုက်ကောက်ပြီးဘယ်ထဲထည့်ရမလဲဝ
- ကစားပြီးလျှင် ကစားစရာများကို ဘယ်လိုထားရမလဲဝ

အသေးစိတ်သင်ယူမှုရလဒ်ဝ ၃ကျောင်းတွင်းနှင့် စာသင်ခန်းတွင်း ပြုမူလုပ်ဆောင်ရမည့် အချက်များကို ပြောပြတတ်ရန်ဝ

လုပ်ငန်းစဉ်ဝ ၃pmoice;wijy*vy&rntcsursm;uaq;aE;jci; (10 rep)

- ဆရာက အောက်ပါမေးခွန်းများဖြင့် ဆွေးနွေးပါဝ
- ကျောင်းချိန်အတွင်းစာသင်ခန်းအပြင်ထွက်လျှင်ဘာလုပ်ရမလဲ(ဆရာကိုခွင့်တိုင်ရမယ်ဝ)
- ကစားပြီးလျှင်ကစားစရာပစ္စည်းများကိုဘာလုပ်ရမလဲ၊ (ပြန်သိမ်းရမယ်ဝ)
- အမှိုက်များ ကောက်ပြီးလျှင်ဘယ်ထဲထည့်မလဲ(အမှိုက်ပုံးထဲထည့်ရမယ်ဝ)

vy&rn? rvy&yga&;ay;&aomupm;en;jziupm;jci; (rep 20)

- ဆရာကယခုရွတ်ဆိုပြသောအကြောင်းအရာများသည် ကလေးများပြုလုပ်ရမည့်အချက် ဖြစ်ပါက "လုပ်ရမည်" ဟုပြောပြီး လက်မြှောက်ရန်နှင့် မပြုလုပ်ရမည့်အချက် ဖြစ်ပါက "မလုပ်ရပါ" ဟု ပြောရန်ရှင်းပြပါဝ
- ကလေးများ "လုပ်ရမည်[မလုပ်ရပါ"ရွေးပေးရသော ကစားနည်းကို ကစားပါစေဝ
- ထို့နောက်အောက်ပါအကြောင်းအရာများကို တစ်ကြောင်းချင်း ဖတ်ပြပါဝ
- အမှိုက်များကို အမှိုက်ပုံးထဲထည့်တယ်ဝ
- သူငယ်ချင်း အချင်းချင်း ရန်မဖြစ်ပါဝ
- ဆရာမအား ခွင့်မတောင်းဘဲ အတန်းပြင်သွားတယ်ဝ
- ကစားရင်းပစ္စည်းလုတယ်ဝ
- မုန့်ဝေလို့ တန်းစီလျှင်ကိုယ့်အလှည့်ရောက်မှ ယူတယ်ဝ
- အိမ်သာထဲတွင် သူငယ်ချင်းတစ်ယောက်ရှိနေလျှင် အပြင်မှာတံခါးချက်ထိုးရတယ်ဝ
- အထက်ပါ ကစားနည်းဖြင့်ကစားပြီးပါက အတန်းထဲမှာလုပ်သင့်တဲ့ အပြုအမူတွေကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆရာကပြောပြပါဝ

(မှတ်ချက်ဝ ၃ အခြားလုပ်ဆောင်ရမည့်အချက်များ(စည်းကမ်း)များကိုလည်း အစားထိုးပြောနိုင်သည်ဝ)

အသေးစိတ်သင်ယူမှုရလဒ်၁ ဘာဗျာရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]]zeyuav;}}uAsm&wqjci; (rep 30)

- "ဖိနပ်ကလေး"ကဗျာကိုဆရာက ဟန်အမူအရာဖြင့် ဦးစွာရွတ်ဆိုပြပါ၁
- ကလေးများနှင့် ဆရာအတူရွတ်ဆိုပါ၁
- ကလေးအားလုံးရွတ်ဆိုပါစေ၁

aomlumae

အသေးစိတ်သင်ယူမှုရလဒ်၁ သုံးပြင်ပါ ရုပ်ပုံကိုကြည့်၍ထင်မြင်ချက်ကိုပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁]]b , om;rvlv*smabmu}}(yjyi)&½yyulunf xijricsuajymapjci; (rep 30)

- ဆရာက"ဘယ်သွားမလို့လဲဂျာဘောက်"(ပုံပြင်)စာအုပ်မျက်နှာဖုံးကို ကလေးများအား ပြ၍ "ဂျာဘောက်ကလေးဘယ်သွားမယ်လို့ထင်သလဲ" ဟု မေးပါ၁
- ဆက်လက်၍ စာမျက်နှာ တစ်ခုချင်းစီရှိ ရုပ်ပုံများကိုလည်း ကြည့်စေ၍ အထက်ပါနည်း အတိုင်း မေးခွန်းများမေးပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ သုံးပြင်ကိုနားထောင်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁b , om;rvv *smabmu(yjyi)ajymjci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသော ပုံပြောနည်းအတိုင်း ပြောပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ "Good Morning, Hello, ABCD'' ocsi;uAsmrsm;u pwBuKu&wqjci;(15rep)

- "Good Morning, Hello, ABCD''သီချင်းကဗျာများကို စိတ်ကြိုက်ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ A,B,C,Dအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁A,B,C,D tu&mrsm;u &wqjci; (15 rep)

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆေးတွင်းအပြင်ကိုခွဲခြားပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁twi;tjyicjcm;upm;jci; (rep 30)

- အောက်ဖော်ပြပါ အတွင်းအပြင်ကစားနည်းကို ကစားပါစေ၁
- ကလေးအားလုံးဝင်ဆံ့နိုင်သော စက်ဝိုင်းကြီးတစ်ခုဆွဲပါ၁
- ကလေးများတွင် ဦးဆောင်ကစားမည့် ကလေးတစ်ဦးရွေးချယ်ပါ၁
- ဦးဆောင်ကစားသူကို ကျန်ကလေးများက အတွင်းလား၊ အပြင်လားဟုမေးပါစေ၁
- ဦးဆောင်ကစားသူကအတွင်းဟုဖြေလျှင် ကလေးများက စက်ဝိုင်းအတွင်းမှာနေရာယူပြီး၊ ဦးဆောင်ကစားသူကစက်ဝိုင်းအပြင်မှနေ၍ အတွင်းလူတစ်ဦးဦးကိုထိရန် ကြိုးစားပါစေ၁ အထိခံရသူသည် ဦးဆောင်ကစားသူအဖြစ် ဆက်လက်ပြုလုပ်ပါ၁ ➢ နည်းအတိုင်း ဆက်လက် ကစားပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ကျောင်းသန့်ရှင်းရေးလုပ်ငန်းများကိုလက်တွေ့ပါဝင်လုပ်ဆောင်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁pmoice;Eipmoice;yw0e;usioe&i;a&;wivuawUyg0ivyaqmijci; (rep 30)

- ကလေးများအား အသင်း (၅)သင်းအလိုက် စုပေါင်းလုပ်ဆောင်ပါစေ၁
- အသင်းတစ်သင်းစီအားစာသင်ခန်းနှင့် စာသင်ခန်းပတ်ဝန်းကျင်တွင် နေရာတစ်ခုစီ သတ်မှတ်ပေးပါ၁
- သတ်မှတ်ထားသော နေရာတွင် ကလေးများအားအမှိုက်ကောက်ခြင်း၊ တံမြက်လှည်းခြင်းစသည့်လုပ်ငန်းများကို အသင်းအလိုက် ဆောင်ရွက်ပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁စာသင်ခန်းအတွင်းတွေ့မြင်သည့် ပစ္စည်းပုံများရေးဆွဲတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁Epou&mypn;rsm;ya&;qjci;(rep 30)

- စာသင်ခန်းအတွင်းရှိ နှစ်သက်ရာ ပစ္စည်းများ၏ ပုံကိုရေးဆွဲပါစေ၁
- ဆရာက ကလေးများရေးဆွဲပြီးသော ပုံများကို ပြန်လည်သိမ်းထားပါ၁

'w,yw

wevmae

အသေးစိတ်သင်ယူမှုရလဒ်၁ ၁မေးခွန်းများကို နားထောင်ပြီး ဆီလျော်စွာပြောဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁reu?aev,?nwwivycaomvyie;rsm;uajzapjci; (15rep)

- ဆရာက မိမိ၏တစ်နေ့တာ လုပ်ငန်းများကို ဦးစွာပြောပြပါ၁
- ဥပမာ- ဆရာက မနက်စောစော ဆရာလမ်းလျှောက်ထွက်ခဲ့တယ်၁ နေ့လယ်မှာ အအေးသောက်မယ်၁ ညရောက်ရင်တော့ စာကြည့်မယ်၁ ဝ၀ဝ၀ဝ၀စသည်ဖြင့် ပြောပြပါ၁
- ကလေးတစ်ဦးချင်းစီကိုလည်း မိမိတို့ မနက်၊ နေ့လယ်၊ ညတွင် ပြုလုပ်သည့် လုပ်ငန်းများကို မေးမြန်းပါ၁ အဖြေကိုပြောပါစေ၁
- လိုအပ်သည်များကို ဆရာက ကူညီပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ဆုံပြင်ကိုနားထောင်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]]b,om;rvv *smabmu}}yjyiuq&mu ajymjyjci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြောပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁"Good Bye" uAsm&wqjci;(15 rep)

Good Bye
(Goodbye Goodbye everybody)
Goodbye Goodbye see you again
Goodbye John, Good bye Sue
(Goodbye)^{2} bye bye bye

- ယခင်သင်ပြီးသည့် အင်္ဂလိပ်ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"E"အမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁"E"tu&mu &wqjci; (15 rep)

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆကျောင်းနှင့်စာသင်ခန်းအတွင်း အနရာယ်ကင်းအောင်လိုက်နာရမည့်အချက်များကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]]zeyuav;}}uAsm&wqjci; (10 rep)

- ကလေးများအား“ ဖိနပ်ကလေး” ကဗျာကိုပြန်လည်ရွတ်ဆိုပါစေ၁
- ကျောင်းနှင့် စာသင်ခန်းအတွင်း အနရာယ်မဖြစ်အောင် နေထိုင်ပြုမူရမည့်အချက်များကို ကလေးများအားရှင်းပြပါ၁

  ausmi;Eipmoice;twi;tE&m , rjzpatmijyKr&rntcsursm;Eiywouí vuraxmiupm;jci; (rep 20)

- မေခွန်းများကိုသေချာနားထောင်ရန်ပြောပါ၁
- ပါးစပ်မှ မဖြေဘဲ၊ အနရာယ်ကင်းသော အချက်ဖြစ်လျှင် လက်မထောင်ပြရန် မဟုတ်လျှင် လက်မကို အောက်သို့စိုက်ပြရန်ပြောပါ၁
- မေးခွန်းများကို မြန်မြန်ဖြေရန်ပြောပါ၁
- ဆရာမှ အောက်ပါအချက်များကိုသုံး၍ ကလေးများနှင့် ကစားပါ၁
- အခန်းတံခါးများ၊ ပြတင်းပေါက်တံခါးများကို ခိုစီးသည်၁
- လှေကားအတက်အဆင်းလမ်းတွင် ကစားသည်၁
- ကစားရန် သတ်မှတ်ထားသောနေရာတွင် ကစားသည်၁
- လှေကား လက်ရမ်းပေါ်ထွင် လျှောတိုက်၍ ကစားသည်၁
- လျှပ်စစ်ပလပ်ပေါက်ထဲတွင် လက်နှိုက်ကစားသည်၁
- (မိမိကျောင်းအခြေအနေအရ ကျန်အချက်များကို ထပ်ထည့်၍ ကစားနိုင်သည်၁)

အသေးစိတ်သင်ယူမှုရလဒ်၁ ဆရှေ့၊ နောက်ကိုခွဲခြားပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ a&Waemucjcm;jci; (rep 30)

- ကလေးများအား“ရှေ့၊ နောက် ကစားနည်း”ကိုကစားပါစေ၁
- ကလေးများအား မိမိနေရာတွင် မတ်တပ်ရပ်စေပြီးဆရာနှင့်အတူ အောက်ပါအတိုင်း လက်ခုပ်တီး၍ ရွတ်ဆိုပါစေ၁
- “ဒင်းဒင်းဒေါင်၊ ဒင်းဒင်းဒေါင် မင်းနောက်မှာ ဘယ်သူလဲ၁ ဒင်းဒင်းဒေါင်၊ ဒင်းဒင်း ဒေါင် မင်းရှေ့မှာ ဘယ်သူလဲ၁
- ဆရာက သင့်လျော်သောအချိန်တွင် “ရပ်” ဟု အော်၍ ကလေးတစ်ဦးအား နှိုးပြ လိုက်ပါ၁
- ဆရာရွေးချယ်လိုက်သော ကလေးသည်သီချင်း၏ နောက်ဆုံးမေးခွန်းအတိုင်း ရှေ့ (သို့) နောက်တွင် ရှိသော သူငယ်ချင်း၏ အမည်ကိုပြောပါစေ၁
- ဆရာက ကလေးများအားတစ်ယောက်ပြီးတစ်ယောက်ကို နှိုးပြပြီး ဆက်ကစားပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆရေးဆွဲထားသော ပုံများကို အရောင်ခြယ်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ a&;qKy;aomyrsm;u ta&mijc , jci; (rep 30)

- သောကြာနေ့က ရေးဆွဲခဲ့သော စာသင်ခန်းအတွင်း ပစ္စည်းပုံများကို အရောင်ခြယ်ပါစေ၁

t *gae

အသေးစိတ်သင်ယူမှုရလဒ်၁ ဆုံပြင်ကိုမှတ်မိသမျှပြောတတ်ရန်၁

လုပ်ငန်းစဉ်၁]]b , om;rvlv*smabmu}}yjyiuuav;rsm;ajymjci; (rep 30)

- "ဘယ်သွားမလို့လဲဂျာဘောက်"ပုံပြင်ကိုကလေးများမှတ်မိသလောက်ပြောပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆမးခွန်းများကို နားထောင်ပြီး ဆီလျော်စွာဖြေဆိုတတ်ရန်၁

လုပ်ငန်းစဉ်ဆreu?aevn?nwwivycaomvyie;rsm;uar;jre;íajzapjci;(rep 30)

- ယခင်သင်ကြားခဲ့ပြီးသော သင်ကြားနည်းအတိုင်းပြုလုပ်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ သီချင်းကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၈'Good Bye'' uAsm&wqjci; (15 rep)

- ယခင်သင်ပြီးသည့် ကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ Eအက္ခရာအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁E tu&mu &wqjci; (15 rep)

- ယခင်သင်ကြားပြီးသော အက္ခရာ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆကျောင်းနှင့်စာသင်ခန်းအတွင်းအနရှာယ်ကင်းအောင်ပြုမူနေထိုင်တတ်ရန်၁

လုပ်ငန်းစဉ်(၁) ၁ ၁ ausmi;twi;vnvnlun½jci; (rep 30)

- ဆရာသည် ကလေးများအား ကျောင်းဝင်းအတွင်း ကလေးများအတွက် အနရှာယ်ရှိနိုင်သော နေရာများကို လိုက်လံပြသပါ၁(ဥပမာ- ချော်လဲနိုင်သောနေရာများ၊ မသွားရန်တားမြစ်ထားသောနေရာများ၊ တစ်ယောက်နှင့်တစ်ယောက်ဝင်တိုက်နိုင်သောနေရာများ၊ ရေတွင်း၊ ရေကန်များ၊ ရေမြောင်းများ၊ ပြိုကျနိုင်သော အဆောက်အအုံအဟောင်း များ စသည်ဖြင့် မိမိကျောင်းအလိုက် အနရှာယ်ရှိနိုင်သော နေရာများ)
- ဆရာက ကလေးများအားမသွားသင့်သောနေရာများရှိလျှင် သေချာရှင်းပြပါ၁
- ထိုနေရာများတွင် ဘယ်လိုအနရှာယ်ရှိနိုင်ကြောင်း ရှင်းပြပါ၁

လုပ်ငန်းစဉ်(၂)၁ ၁tE&m , ulawlygujyevnwejye&rntcsursm;uaq;aE;jci;(rep 30)

- ကလေးများအား မေးခွန်းများမေး၍ ဆွေးနွေးပါ၁
- မိမိကျောင်းအလိုက် အနရှာယ်ရှိနိုင်သောအခြေအနေများကို ရှင်းပြပါ၁
- (ဥပမာ-သူစိမ်းအနရှာယ်၊ မတော်တဆဖြစ်နိုင်သောအနရှာယ်၊ဝဝ)
- ဆရာက အောက်ပါအချက်များကို ကလေးများနှင့် ဆွေးနွေးပါ၁
- မိမိနှင့်မသိသောသူစိမ်းတစ်ယောက်ကခေါ်လျှင်လိုက်သင့်သလား၁ မလိုက်သင့်ဘူးလား၁ (မိမိနှင့်မသိသော သူစိမ်းတစ်ယောက်က ခေါ်လျှင်မလိုက်ရန်နှင့် ထိုသို့ခေါ်ခြင်းကြောင်း ကျောင်းရှိ ဆရာ၊ ဆရာမများကိုလာပြောရန် မှာကြားပါ၁)
- အိမ်သာထဲတွင် တံခါးပိတ်မိနေပါက မကြောက်ရန်နှင့် အပြင်သို့ အသံကျယ်စွာ အော်၍အကူအညီတောင်းရန်စသည်ဖြင့် အခြားသောကျောင်းအတွင်း ကလေးများ အနရှာယ်ရှိနိုင်သည့် နေထိုင်နိုင်မည့် အပြုအမူများကို ပြောပြပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆကျောင်းဝင်းပုံကို ပုံဖော်ကပ်တတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ ausmi;0i;yazmuyjci;(rep 30)

- ရှေ့တွင်ကလေးများ ကိုယ်တိုင်ဆွဲထားသောပုံများကို ပြန်သုံး၍ စာရွက်အလွတ်ပေါ်တွင် စိတ်ကူးဖြင့် ပုံဖော်ကပ်ပါစေ၁

A' [;ae

အသေးစိတ်သင်ယူမှုရလဒ်၁ သုံပြင်ကိုမှတ်မိသမျှပြောတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]]b , om;rvUv*smabmu}}yjyiuuav;rsm;u ajymjci; (rep 30)

- "ဘယ်သွားမလို့လဲဂျာဘောက်"ပုံပြင်ကို ကလေးများ မှတ်မိသလောက်ပြောပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆမေးခွန်းများကို နားထောင်ပြီး ဆီလျော်စွာ ဖြေဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁raeu? 'ae? reujze pum;v;wUuo;um ar;jre;íajzjci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသော သင်ကြားနည်းအတိုင်း ပြုလုပ်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁"Goodbye''uAsmygpum;v;rsm;o;íEwquajymqjci; (15 rep)

- "Goodbye''ကဗျာကို တစ်တန်းလုံး အမှုအရာဖြင့် ရွတ်ဆိုပါစေ၁
- ကလေးများကို အုပ်စု(၂)စုဖွဲ့ပါ၁
- "Goodbye''ကဗျာကို အုပ်စု(၂)ဖွဲ့ အပြန်အလှန်အမှုရာဖြင့် ရွတ်ဆိုပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"F"အက္ခရာအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁"F"tu&mu &wqjci; (15 rep)

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆကျောင်းတွင် သူငယ်ချင်းများနှင့် စုပေါင်းလုပ်ဆောင်တတ်ရန်၁

လုပ်ငန်းစဉ်(၁) ၁ ၁ paygi;vyaqmijci; (rep 30)

- ဆရာမက ကြိုတင်၍ ရောင်စုံစက္ကူများအား တြိဂံပုံ၊ စတုဂံ၊ စတုရန်းပုံ၊ စသည်ဖြင့် အရွယ်အစား အမျိုးမျိုးဖြတ်ထားပါ၁ (အတန်းရှိကလေး ဦးရေကို ကြည့်၍ ပြင်ဆင်ထားပါ၁)
- ကလေးများအား သင့်လျော်သလို အုပ်စုဖွဲ့၍ အမည်ပေးပါ၁
- အုပ်စုတိုင်းအား A4 စာရွက်နှင့် ဖြတ်ထားသော ရောင်စုံစက္ကူအပိုင်းများကို အညီအမျှ ဝေပေးပါ၁
- ကလေးများအား အုပ်စုအလိုက်တိုင်ပင်၍ မိမိ၏ ကျောင်းပုံကို A4 စာရွက်အဖြူ ပေါ်တွင် ပုံဖော်ကပ်ပါစေ၁
- ဆရာက ကလေးများကပ်ထားသော ကျောင်းပုံစာရွက်ပေါ်တွင် အုပ်စုအမည်များတပ်၍ အတန်းနံရံတွင် ကပ်ထားပါ၁

လုပ်ငန်းစဉ်(၂)၁ ၁vuqiur;upm;jci; (rep 30)

- အထက်တွင် ဖွဲ့ထားသော အုပ်စုများအတိုင်း ကစားနိုင်သည်၁
- (အုပ်စုတစ်စုချင်းအား ရေထည့်ထားသော ဇွန်း(ဟင်းခတ်ဇွန်း)ကို တစ်ဦးနှင့်တစ်ဦး မလုစေဘဲ ဂရုတစိုက်လက်ဆင့်ကမ်းပေးရမည်ဖြစ်ကြောင်းရှင်းပြပါ၁ နောက်ဆုံး ကလေး အထိ ရေကိုမဖိတ်အောင်သယ်ရမည်ဖြစ်ကြောင်းနှင့် အုပ်စုအလိုက်ညီ ွတ်ရန် လိုကြောင်း ရှင်းပြပါ၁)
- ပထမဦးစွာ အုပ်စုတစ်စုအား တန်းစီ၍ထိုင်ပါစေ၁
- ကျန်အုပ်စုများအား မျက်နှာချင်းဆိုင်ထိုင်၍ ကြည့်ပါစေ၁
- တန်းစီထိုင်နေသောအုပ်စုတွင် ထိပ်ဆုံး ကလေးအား ဟင်းခတ်ဇွန်းထဲတွင် ရေထည့်၍ ပေးလိုက်ပါ၁
- ရေထည့်ထားသော ဇွန်းကို ထိပ်ဆုံးကလေးမှနေ၍ တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းကာ နောက်ဆုံးကလေးထိရောက်အောင် သယ်ပါစေ၁
- ကျန်အုပ်စုများအား ➢ နည်းအတိုင်း ဆက်၍ကစားပါစေ၁
- ကစားပြီးလျှင် ဆရာကအောက်ပါအချက်များပြောပြ၍ ဆွေးနွေးပါ၁
- (အလုပ်တစ်ခုကို သူငယ်ချင်းများနှင့် အုပ်စုဖွဲ့လုပ်ဆောင်ပါက အချင်းချင်းရန်မဖြစ်ကြရန်၊တစ်ယောက်နှင့်တစ်ယောက်မလုကြရန်နှင့်အချင်းချင်းကူညီကြရန်၊ တိုင်ပင်ကြရန် လိုကြောင်းရှင်းပြပါ၁)

အသေးစိတ်သင်ယူမှုရလဒ်၁ ဘာဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁]]oiausmi;xrmaysm&ivli}}uAsm&wqjci; (rep 30)

- သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် "ကဗျာကို ဆရာက ဟန်အမူအရာဖြင့် ဦးစွာ ရွတ်ဆိုပြပါ၁
- ဆရာနှင့်ကလေးများ အတူရွတ်ဆိုပါ၁
- ကလေးများအားလုံး ရွတ်ဆိုပါစေ၁

]]oiausmi;xrm aysm&ivli}}

သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် လက်ခုပ်တီး (လက်ခုပ်တီး)ါ
သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် လက်ခုပ်တီး (လက်ခုပ်တီး)ါ
သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် အားရပါးရလက်ခုပ်တီး (လက်ခုပ်တီး)ိ
သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် လက်ခုပ်တီး၁
သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် ခေါင်းကိုငြိမ့် (ခေါင်းကိုငြိမ့်)ါ
သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် ခေါင်းကိုငြိမ့် (ခေါင်းကိုငြိမ့်)ါ
သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် အားရပါးရခေါင်းကိုငြိမ့် (ခေါင်းကိုငြိမ့်)ိ
သင့်ကျောင်းထဲမှာ ပျော်ရင့်လျှင် ခေါင်းကိုငြိမ့်၁
(ခြေကိုဆောင့်)၊ (နှာကိုချေ)၊ (အားလုံးလုပ်)စသည်တို့ အစားထိုး၍ ဆက်ဆိုပါ၁

lumoyaw;ae

အသေးစိတ်သင်ယူမှုရလဒ်၁ ဆမားခွန်းများကိုနားထောင်ပြီးဆီလျော်စွာဖြေဆိုတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁raeu?'ae?reujzepum;v;wlu o;umar;jre;íajzjci; (rep 30)

- ယခင်သင်ကြားခဲ့ပြီးသော နည်းအတိုင်း ပြုလုပ်ပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆုံပြင်ပါစကားလုံးများကို အသုံးပြု၍ အစားထိုးပြောတတ်ရန်၁

လုပ်ငန်းစဉ်၁ /]]b , om;rvv*smabmu}}(yjyi)ygpum;v;rsm;u to;jyí tpm;x;ajymjci; (rep 30)

- ဆရာက ကလေးများအား ဂျာဘောက်အမည်နေရာတွင် မိမိအမည်ကို ထည့်၍ပြောပါစေ၁
- မေမေနေရာတွင် ကလေးများနှစ်သက်ရာအမည်ကိုပြောပါစေ၁ (ဥပမာ- ဖေဖေ၊ ဘွားဘွား၊ ဘိုးဘိုး၊ ဦးဦး၊ ဒေ[illegible]ကိုကို၊ မမ ဝဝ)
- ကျောင်း၊ ခြံ၊ တံခါး၀ စသည့်နေရာများတွင် ကလေးများနှစ်သက်ရာ အစားထိုး၍ ပြောပါစေ၁
- ကျန်အမည်နေရာများတွင်လည်း မိမိနှစ်သက်ရာကိုအစားထိုး၍ပြောပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁ကဗျာပါ စကားလုံးများကို အသုံးပြု၍ ပြောတတ်ရန်၁

လုပ်ငန်းစဉ်၁ ၈"Goodbye'' uAsmyg pum;v;rsm;u q&m0;aqmirjzi to;jykajymqjci; (15 rep)

- "Goodbye''ကဗျာကို တစ်တန်းလုံး အမှုအရာဖြင့် ရွတ်ဆိုပါ၁
- ကလေးတစ်ဦးကို အတန်းရှေ့သို့ လာပါစေ၁
- ဆရာက "Goodbye'' ကဗျာပါ စကားလုံးသုံး၍ အမည်နေရာတွင် ကလေး၏အမည်ကို အစားထိုး၍ ရွတ်ဆိုပြပါ၁
- အတန်းရှေ့သို့ခေါ်ထွားသောကလေးကိုလည်း ဆရာ၏အမည်၊ သို့မဟုတ် "teacher''ဟု အစားထိုး၍ ရွတ်ဆိုပါစေ၁
- ဆရာနှင့်ကလေး အပြန်အလှန် အမည်များကို အစားထိုး၍ ကဗျာကို ရွတ်ဆိုပါ၁
- တစ်ဦးနှင့် တစ်ဦး နှုတ်ဆက်ပြောဆိုလိုသော ကလေး (၂)ဦးအား ဖိတ်ခေါ်ပါ၁
- တစ်ဦးနှင့် တစ်ဦး အပြန်အလှန်နှုတ်ဆက်ပြောပါစေ၁
- ဆရာက အနားမှ ကူညီပံ့ပိုးပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ၁"F"အက္ခရာအမည်ကို ပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁F tu&mu &wqjci; (15 rep)

- ယခင်သင်ကြားပြီးသော အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆရာ့နှင့် နောက်ကိုခွဲခြားသိရှိရန်၁

လုပ်ငန်းစဉ်၁ ၁ a&Waemucjcm;jci; (rep 20)

- ကလေး စဦးကို ရှေ့၊ နောက်တန်းစီ၍ရပ်ပါ၁
- ကျန်သောကလေးများအားဘေးတစ်ဖက်တစ်ချက်စီမှ ကြည့်ရှုပါစေ၁
- ရှေ့ဆုံးကလေးအား ဆရာက "ရှေ့မှာဘယ်သူရှိလဲ" ဟုမေးပါ၁ ထိုကလေးမှ "ဘယ်သူမှ မရှိ" ဟု ဖြေပါမည်၁
- ထိုအခါ "နောက်မှာဘယ်သူရှိလဲ" ဟုမေးပါ၁ ဆက်၍ ဆက်၍ နောက်ဆုံးကလေးအထိ "ရှေ့မှာဘယ်သူရှိလဲ၊" "နောက်မှာဘယ်သူရှိလဲ" ဟုမေးပါ၁
- အထက်ပါနည်းအတိုင်း ကျန်ကလေးများအားလုံး ပါ၀င်နိုင်အောင် ဆရာက စီစဉ်ပေးပါ၁

-]]wpvr;w;yg}}uAsm&wqjci; (10 rep)
- ကဗျာကို အမူအရာဖြင့် ဆိုပါစေ၁

]]wpvr;w;yg}}

ရှေ့ကိုတိုးလှမ်းပါ၊ နောက်ကိုဆုတ်လိုက်ပါ၁
ကိုယ်တစ်ပတ်လှည့် လက်ဆက်ကူညီပါ၁
ရှေ့ကိုတိုးလှမ်းပါ၊ နောက်ကိုဆုတ်လိုက်ပါ၁
ပခုံးလေးတွန့်လို့ကူညီရိုင်းပင်းပါ၁
(ရှာလာ လာ လာ လား)[?] ကူညီပါ၁
(ရှာလာ လာ လာ လား)[?] ဟေ့ကူညီကြပါ၁

အသေးစိတ်သင်ယူမှုရလဒ်၁ ဆူငယ်ချင်းများအချင်းချင်းချစ်ခင်စွာနေရမည်ကိုပြောပြတတ်ရန်၁

လုပ်ငန်းစဉ်၁ ၁ “ , euav;jzLjzL}} yjyiajymjci; (rep 30)

- ‘ယုန်ကလေး ဖြူဖြူ” ပုံပြင်ကို ပြောပါ၁

]] , euav;jzLjzL}}

